"စာအုပ်ရှာ"pageမှစာပေဒါနပြုပါသည်

စိတ်ကူးချိုချိုအနုပညာ

# အောင်ခြင်းရှစ်ပါး

မင်းယုဝေ



ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

မင်းယုဝေ

# အောင်ခြင်းရှစ်ပါး

၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ
ပထမအကြိမ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၁၉၁၀၃၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၅၁၀၀၈၀၈ တို့ဖြင့်

moat thone ၏ပန်းချီကို မျက်နှာဖုံးပြုလုပ်၍ အတွင်းသရုပ်ဖော်ပုံများကို ဦးစန်းလှိုင်မှ ရေးဆွဲကာ ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် အဖြစ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈ ခု၊ စက်တင်ဘာလတွင် တန်ဖိုး ၁၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# မာတိကာ


| | | |
|---|---|---|
| | အမှာစာ | ၁ |
| ၁။ | မာရ်နတ်မင်းကို အောင်ခြင်း | ၃ |
| ၂။ | အာဠဝကဘီလူးကို အောင်ခြင်း | ၁၄ |
| ၃။ | နာဠာဂိရိဆင်ကို အောင်ခြင်း | ၂၆ |
| ၄။ | အင်္ဂုလိမာလကို အောင်ခြင်း | ၃၁ |
| ၅။ | စိဉ္စမာဏမိန်းမမိုက်ကို အောင်ခြင်း | ၄၆ |
| ၆။ | သစ္စကပရိဗိုဇ်ကို အောင်ခြင်း | ၅၁ |
| ၇။ | နန္ဒောပနန္ဒ နဂါးမင်းကို အောင်ခြင်း | ၆၂ |
| ၈။ | ဗကဗြဟ္မာမင်းကို အောင်ခြင်း | ၇၀ |
| ၉။ | အောင်ခြင်းရှစ်ပါး ပါဠိနှင့် မြန်မာပြန် မာဂဓီ (သာစည်) | ၇၇ |
| ၁၀။ | အောင်ခြင်းရှစ်ပါး ကဗျာများ (အရှင်ကောသလ္လ–ဓမ္မာစရိယ၊ ဘီအေ) | ၈၃ |
| ၁၁။ | အောင်ခြင်းရှစ်ပါးအချုပ်ဂါထာ (ဘားမဲ့ဆရာတော်) | ၈၇ |
| ၁၂။ | အစွမ်းထက်သော ဂါထာတော် (ထွင့်ခေါင်ဆရာတော်ဘုရားကြီး၏ ရန်အောင်မြင်ဂါထာတော်) | ၉၁ |
| ၁၃။ | အောင်ခြင်းရှစ်ပါးသီချင်း၏ နောက်ခံတေးဂီတ မာဂဓီ (သာစည်) | ၉၃ |

# အမှာစာ

ပိဋကတ်တော်တွင် ဗုဒ္ဓဘုရားရှင်၏ ထင်ရှားသော အောင်ခြင်းရှစ်ပါးကို ဖော်ပြထားသည်။ ယင်းအောင်ခြင်းရှစ်ပါးကို အပြင်အောင်ခြင်းရှစ်ပါးဟုလည်း ခေါ်သည်။ အပြင်အောင်ခြင်း ဟူသည်မှာ မံသစက္ခုဖြင့် မြင်စွမ်းနိုင်သော ပြင်ပမှ ပုဂ္ဂိုလ် သတ္တဝါတို့ကို တန်ခိုးတော်အစွမ်း၊ ဉာဏ်တော်အစွမ်း၊ ပါရမီတော်အစွမ်းဖြင့် အောင်တော်မူခြင်းဖြစ်သည်။

ကျွန်တော်သည် ထိုအောင်ခြင်းရှစ်ပါး အကြောင်းကို မြတ်မင်္ဂလာစာစောင်တွင် 'အဃဒီတာအဖွဲ့ဝင်တစ်ဦး' အမည်ဖြင့် ၁၉၉၉– ခုနှစ် နိုဝင်ဘာလမှ စ၍ ၂၀၀၀–ပြည့်နှစ် ဇွန်လအထိ ရှစ်လတိုင် လစဉ်ရေးသား တင်ပြခဲ့ပါသည်။ ထိုရေးသားချက်များကိုလည်း နာမည်ကျော် ပန်းချီဆရာကြီး ဦးစန်းလှိုင်က မြတ်မင်္ဂလာစာစောင် မျက်နှာဖုံးပန်းချီအဖြစ် လစဉ် ရေးဆွဲပေးခဲ့ပါသည်။

ယခုအခါ ချစ်ခင် လေးစားအပ်ပါသော စာဖတ်ပရိသတ်များ၏ အကြံပြုချက်အရ ယင်းတို့ကို စုပေါင်း၍ စာအုပ်အဖြစ် ထုတ်ဝေလိုက်ပါပြီ။ ယင်းသို့ ထုတ်ဝေရာ၌ နောက်ဆက်တွဲအဖြစ် လေ့လာနိုင်ရန် အောင်ခြင်းရှစ်ပါး ပါဠိနှင့် ဆရာတော် မာဂဓိ (သာစည်) ၏ မြန်မာပြန်

ကိုလည်း ဖော်ပြပါသည်။ ဆရာတော်အရှင် ကောသလ္လ (ဓမ္မာစရိယ၊ ဘီအေ) ရေးသားဖွဲ့ဆိုသော အောင်ခြင်းရှစ်ပါး ကဗျာများကိုလည်း ဖော်ပြပါသည်။ ဘားမဲ့ဆရာတော် ရေးသားစီရင်သော အောင်ခြင်း ရှစ်ပါးအချုပ် ဂါထာကိုလည်း ဖော်ပြပါသည်။ ထွဋ်ခေါင် ဆရာတော် ဘုရားကြီး ရွှတ်ဖတ် သရဇ္ဈာယ်တော်မူသော အောင်ခြင်းရှစ်ပါး ရန်အောင်မြင် ဂါထာတော်ကိုလည်း ဖော်ပြပါသည်။ ထို့ပြင် မြတ်မင်္ဂလာစာစောင်၌ ဆရာတော် မာဃဝိ (သာစည်) ရေးသားခဲ့သော "အောင်ခြင်းရှစ်ပါး သီချင်း၏ နောက်ခံတေးဂီတ" ဆောင်းပါးကို လည်း ဖော်ပြပါသည်။ ထိုသို့ ဖော်ပြခွင့်ရသဖြင့် ထိုထိုဆရာတော်ကြီး များ၏ ဂုဏ်ကျေးဇူးကို အထူးအောက်မေ့၍ ပူဇော်အပ်ပါသည်။

ဤစာအုပ် ဖြစ်ပေါ်လာရန် ကူညီသော မြတ်မင်္ဂလာ စာစောင်မှ ဆရာ ဦးဉာဏ်လင်းအောင်၊ ဆရာ ဦးအောင်ဝင်း၊ ကိုစောမောင်မောင် လွင်၊ ကိုကျော်လှသန်းဦးနှင့် ပန်းချီဆရာကြီး ဦးစန်းလှိုင်တို့ကို ကျေးဇူးဥပကာရ တင်ရှိကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

မင်းယုဝေ

(၃-၂-၂၀၀၇)

# ၁။ မာရ်နတ်မင်းကို အောင်ခြင်း

ဂေါတမဘုရား အလောင်းတော်သည် ဘုရားဖြစ်ရန် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီတော် ၁၀–ပါးကို ဖြည့်ကျင့် ဆည်းပူး တော်မူခဲ့သည်။ ထို့နောက် အလွန် ကျင့်နိုင်ခဲသော ဒုက္ကရစရိယာ အကျင့်ကို ကျင့်ပြီးနောက် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

ဘုရားအလောင်းတော်သည် ဘုရားအဖြစ်သို့ ရောက်တော်မူအံ့ ဆဲဆဲတွင် မာရ်နတ်မင်း၏ နှောင့်ယှက် ရန်ပြုခြင်းကို ခံခဲ့ရသည်။ တစ်ဖန် ဘုရားဖြစ်ပြီးနောက်တွင်လည်း အခြားရန်တို့၏ နှောင့်ယှက် ရန်ပြုခြင်းကို ခံခဲ့ရပြန်သည်။ မည်သို့ပင်ဖြစ်စေ မာရ်နတ်မင်းနှင့်တကွ ထိုထိုရန်အားလုံးကို တန်ခိုးတော်၊ ဉာဏ်တော်၊ ပါရမီတော် အစွမ်း တို့ဖြင့် အောင်မြင်သည်ချည်းသာ ဖြစ်သည်။

ထိုရန်တို့မှာ ရှစ်ဦး ဖြစ်သည်။ ယင်းတို့မှာ ပကတိမျက်စိဖြင့် မြင်နိုင်စွမ်းသော ပြင်ပမှ ပုဂ္ဂိုလ် သတ္တဝါများ ဖြစ်ကြသည်။ ထို့ကြောင့် ထိုရန်တို့အား ဘုရားရှင်အောင်မြင်ခြင်းကို အပြင်အောင်ခြင်း ရှစ်ပါးဟု ခေါ်သည်။

ယင်းတို့မှာ (၁) မာရ်နတ်မင်းကို အောင်ခြင်း၊ (၂) အာဠဝက ဘီလူးကို အောင်ခြင်း၊ (၃) နာဠာဂိရိဆင်မင်းကို အောင်ခြင်း၊ (၄) အင်္ဂုလိမာလ ခိုးသူကြီးကို အောင်ခြင်း၊ (၅) စိဉ္စမာဏ မိန်းမယုတ်ကို



မာရ်နတ်မင်းကိုအောင်ခြင်း

အောင်ခြင်း၊ (၆) သစ္စကပရိဗိုဇ်ကို အောင်ခြင်း၊ (၇) နန္ဒောပနန္ဒ နဂါးမင်းကို အောင်ခြင်း၊ (၈) ဗကဗြဟ္မာမင်းကို အောင်ခြင်းတို့ ဖြစ်သည်။

## (၁) မာရ်နတ်မင်းကိုအောင်ခြင်း

ဂေါတမ ဘုရားအလောင်းတော်သည် ကဆုန်လပြည့်နေ့ ညနေချမ်းအချိန်တွင် မဟာဗောဓိပင်ရင်း၌ သောတ္ထိယ မြက်ထမ်းသမားလှူလိုက်သော မြက်ရှစ်ဆုပ်ကို ကြဲဖြန့်လိုက်သည်။

ထိုမြက်ရှစ်ဆုပ်တို့သည် မြက်၏အသွင် ကွယ်ပျောက်၍ (၁၄) တောင် ပမာဏရှိသော လွန်စွာ ဆန်းကြယ်သည့် ရတနာပလ္လင်ကြီး ဖြစ်သွားသည်။ အံ့ဖွယ် ပုံပန်းသဏ္ဍာန်ဖြင့် တည်ရှိသည်။

ဘုရားအလောင်းတော်သည် မဟာဗောဓိပင်ကို နောက်ထောက်ကျောခံထား၍ အရှေ့အရပ်သို့ မျက်နှာပြုကာ တင်ပလ္လင်ဖွဲ့ခွေ၍ ရတနာပလ္လင်တော်ပေါ်၌ ထိုင်တော်မူသည်။

ထိုပလ္လင်ထက်၌ပင် အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းလျက် (၁) အရေမျှ ကျန်လိုလျှင် ကျန်စေ၊ (၂) အကြောမျှ ကျန်လိုလျှင် ကျန်စေ၊ (၃) အရိုးမျှ ကျန်လိုလျှင် ကျန်စေ၊ (၄) ငါ၏တစ်ကိုယ်လုံး အသွေးအသား အားလုံးတို့ ခန်းခြောက်၍သွားလျှင် သွားစေ၊ ငါသည် ဘုရားမဖြစ်သမျှ ဤယခု ဖွဲ့ခွေထားသော တင်ပလ္လင်ကို အဘယ်နည်းနှင့်မျှ မဖျက် ဟူ၍ ခွဲမြဲစွာ ဓိဋ္ဌာန်လျက် ထိုင်တော်မူခြင်း ဖြစ်သည်။

ထိုအခါ ဗြဟ္မာ၊ သကြား၊ နတ် အများလည်း ဘုရားအလောင်းတော် ထံပါးသို့ လာရောက်ကြသည်။ ပူဇော် ရပ်တည်နေကြသည်။

ထိုစဉ် မာရ်နတ်မင်းသည် နှောင့်ယှက် ဖျက်ဆီးရန် ရောက်လာသည်။ မာရ်နတ်ကား အနှောင့်အယှက် အဖျက်အဆီးသမားတည်း။ သူသည် ကာမ (၁၁) ဘုံကို လွှမ်းမိုး အုပ်စိုးနိုင်သော အစွမ်းတန်ခိုးရှိသူ ဖြစ်သည်။ မာရ်နတ်၏ အလိုကား သတ္တဝါများကို အာရုံဖြင့် မှိုင်းတိုက်ကာ ကာမဘုံ၌ ကျင်လည်နေစေလိုသည်။ သူ့နယ်ပယ်

ဖြစ်သော ကာမ (၁၁) ဘုံမှ မည်သူ့ကိုမျှ ထွက်မြောက် မသွားစေလိုပေ။

ဘုရားအလောင်း ဗုဒ္ဓဘုရားအဖြစ် ရောက်၍ တရားဟောပါက သတ္တဝါအမြောက်အမြား ကျွတ်ကြမည်။ သံသရာမှ လွတ်မြောက်ကြမည်။ ဤသို့ ဖြစ်မည်ကို သူ မနှစ်သက်ချေ။

ထို့ကြောင့်ပင် ဘုရားအလောင်း တောထွက်လာစဉ်က တားမြစ်ခဲ့သေးသည်။ ယခုအခါ၌ကား ဘုရားအဖြစ်သို့ ရောက်တော့မည့်ဆဲဆဲ ဖြစ်သောကြောင့် မာရ်နတ်သည် သောက လှိုက်ဖို ဗျာပါ ပိုလျက်ရှိသည်။ မရေမတွက်နိုင်အောင် များပြားလှသော သူ၏ စစ်သည်တပ်သားများကို ခေါ်ဆောင်၍ ဘုရားလောင်းကို နှောင့်ယှက် ဖျက်ဆီးရန် ချီတက်လာလေသည်။

မာရ်နတ်မင်းသည် ဂိရိမေခလာ အမည်ရှိသော ဆင်ကြီးကို စီးသည်။ လက်ရုံးတစ်ထောင်ကို ဖန်ဆင်းသည်။ ထိုလက်ရုံး တစ်ထောင်၌ လက်နက် အမျိုးမျိုးကိုလည်း ကိုင်ဆောင်ထားသည်။

သူသည် မိမိနေထိုင်ရာ ဝသဝတ္တီ နတ်ပြည်မှ ဘုရားအလောင်းရှိရာ ဗောဓိမဏ္ဍိုင်သို့ မာရ်နတ် စစ်သည်တို့ကို ဦးဆောင်၍ ချီတက်လာသည်။ ထိုအခါ ဘုရားလောင်းထံပါး၌ ပူဇော်နေကြကုန်သော နတ်၊ သကြား၊ ဗြဟ္မာတို့သည် အဝေးသို့ ထွက်ပြေးကြကုန်သည်။

"ဘုရားလောင်း ရှင်သိဒ္ဓတ်သည် မသေပါစေသတည်း" ဟူ၍သာ မေတ္တာပို့၍ နေကြလေသည်။

ဘုရားအလောင်းမှုကား လုံးဝ တုန်လှုပ်ခြင်းမရှိ။ မာရ် စစ်သည်အပေါင်း၏ရှေ့၌ ရဲရင့်စွာ၊ တင့်တယ်စွာ တစ်ပါးတည်းသာလျှင် နေတော်မူ၏။

မာရ်နတ်မင်းနှင့်တကွ မာရ် စစ်သည်တို့သည် ဘုရားအလောင်းထံပါးသို့ ရောက်ရှိလာကြသော်လည်း အနီးသို့ မချဉ်းကပ်ဝံ့ကြ။ အဝေးမှသာ နေကြရသည်။ ရဲရဲပြောင်ပြောင် တောက်လောင်သော

သံတွေခဲကို ယင်ကောင်အပေါင်းတို့ မချဉ်းကပ်ဝံ့သကဲ့သို့ ဖြစ်နေလေသည်။

မာရ်နတ်မင်းနှင့် မာရ်စစ်သည်တို့သည် ဘုရားအလောင်းအပါးသို့ကပ်၍ လက်ရုံးအားကိုးဖြင့် စစ်မပြုဝံ့သဖြင့် ဘုရားအလောင်းပြေးစေအံ့ဟု စကားဖြင့် ကြုံးဝါး ခြိမ်းခြောက်သည်။

“သိဒ္ဓတ္ထမင်းသားကို ဖမ်းကြကုန်လော့၊ နှောင်ဖွဲ့ကြကုန်လော့၊ လက်ကို ဖြတ်ကုန်လော့၊ ခြေကို ဖြတ်ကုန်လော့” စသည်ဖြင့် အော်ဟစ်ကြုံးဝါးကြသည်။

ဘုရားအလောင်းကား လေးသချေ်နှင့် ကမ္ဘာတစ်သိန်း ဖြည့်ဆည်း ဆည်းပူးခဲ့သော ပါရမီ ၁၀-ပါးကို ဆင်ခြင်၍ မကြောက်မရွံ့ ထိုင်မြဲ ထိုင်နေတော်မူသည်။

[ဘုရားအလောင်းတော် တင်ပလ္လင်ခွေ၍ ထိုင်နေခြင်းကို (ထိုင်နေသော တင်ပလ္လင်ခွေကို) ပါဠိဘာသာဖြင့် ပလ္လင်္ကဟု ခေါ်သည်။ ထို ထိုင်နေခြင်းကိုသာ မဟုတ်၊ ထိုင်နေရာကိုလည်း တင်ပလ္လင်ခွေ၍ ထိုင်နေရာ ဖြစ်သောကြောင့် ပလ္လင်္က (ပလ္လင်) ဟူ၍ပင် ခေါ်ကြသည်။ ယခု အလောင်းတော်မြတ် ထိုင်နေခြင်းကို ပျက်အောင်၊ ထိုနေရာမှ ထသွားအောင် မည်သူမျှ တိုက်ခိုက်၍ မရနိုင်ချေ။ မအောင်နိုင်ချေ။ ယင်းသို့ မည်သူမျှ မအောင်နိုင်သည့် ထိုင်နေခြင်း၊ မည်သူမျှ မအောင်နိုင်သည့် ထိုင်နေရာ ဖြစ်သောကြောင့် အပရာဇိတ ပလ္လင်ဟု ခေါ်သည်။ အပရာဇိတ ဆိုသည်မှာ မအောင်နိုင်ခြင်း ဟူ၍ အနက်ရသည်။]

ဘုရားအလောင်းတော်သည် ပါရမီဖြည့်စဉ် ဘဝပေါင်းများစွာ၌ တစ်စုံတစ်ယောက်သော သူကိုမျှ သူနှင့် ထိုက်တန်သည့် ရာထူးဂုဏ်သိန် စည်းစိမ်ချမ်းသာ နေရာအရပ်က ရွေ့လျောအောင် မည်သည့်အခါကမျှ မလုပ်ခဲ့ဖူးချေ။ မည်သူ့ကိုမဆို ထိုက်တန်သော နေရာ၌ရောက်ရှိနေသည်ကို ကျေနပ်ဝမ်းသာသူ ဖြစ်သည်။ ယင်း စိတ်ကောင်းစေတနာကြောင့်လည်း ယခုအခါ ဘုရားလောင်းကို ဤနေရာက ရွေ့

လျော့အောင် မည်သူမျှ ပြုလုပ်နိုင်မည် မဟုတ်ပေ။ မာရ်နတ် တစ်ဦး တည်းသာ မဟုတ်။ မာရ်နတ်ပေါင်း အရာ အထောင် ဖြစ်သော်လည်း အလောင်းတော်မြတ်ကို ဤနေရာမှ ထအောင် ပြုလုပ်နိုင်မည် မဟုတ်ချေ။

မာရ်နတ်မင်းကား ဤအကြောင်းကို မသိ။ မိမိ ရန်ပြုလျှင် အောင်မြင်မည်ဟုသာ ထင်မှတ်နေသည်။ ထို့ကြောင့် ရှေးဦးစွာ ဘုရားအလောင်းကို လေဖြင့် ပြေးစေအံ့ဟု ကြံကာ ဝေရမ္ဘလေတို့ကို ထစေသည်။ ဝေရမ္ဘလေတို့သည် ကြီးမားသော တောင်ထွတ်တို့ကို ထက်ခြမ်းကွဲစေ၏။ ရွာကြီး၊ ရွာငယ်တို့ကို မွှန့်မွှန့်ညက်ညက် ကြေအောင် တိုက်ခိုက်နိုင်စွမ်းရှိ၏။ သို့သော်လည်း ဘုရားအလောင်းထံပါးသို့ ရောက်သောအခါ သင်္ကန်းတော်စွန်းကိုမျှ လှုပ်အောင် မတတ်နိုင်။ ထိုအခါ မာရ်နတ်မင်းသည် ဘုရားလောင်းကို မိုးရေဖြင့် နစ်၍ သေစေအံ့ဟု ကြံပြန်သည်။ မိုးကြီးရွာစေသည်။

သို့ရာတွင် မိုးရေသည် ဘုရားလောင်း၏ သင်္ကန်းတော်ကို ဆီးနှင်းပေါက်မျှလောက်ပင် မစွတ်စိုနိုင်။ ဤတွင် မာရ်နတ်မင်းသည် ကျောက်ခဲမိုး၊ လက်နက်မိုး၊ သဲမိုး၊ ညွန်ပြောင်းမိုး၊ မီးကျီးစုမိုး၊ အမိုက်တိုက်မိုး၊ စက်လက်နက်မိုး စသည်တို့ဖြင့် တိုက်၏။

ဘုရာလောင်းသည် ဤကြောက်ဖွယ်ရန်တို့ကို မေတ္တာတော် အဟုန်ဖြင့် ငြိမ်းစေ၏။ ထိုအခါ မာရ်နတ်မင်းသည် ဂိရိမေခလာဆင်ဖြင့် တိုက်ဖို့ တွန်းချရန် ဘုရားလောင်း အပါးသို့ ကပ်လာသည်။ သို့ရာတွင် ဘုရားအလောင်း၏ မေတ္တာ ပါရမီတော်၏ အာနုဘော်ကြောင့် ဂိရိမေခလာဆင်သည် ရန်မပြုနိုင်။ အနီးသို့ ရောက်သောအခါ မြေတွင် ပုဆစ်တုပ်ဝပ် ဦးချလျက်နေသည်။ ဦးခေါင်းကို မြေ၌ စိုက်ထားသည်။

ထိုအခါ မာရ်နတ်မင်းသည် ဆင်၏ ဦးခေါင်းမှ လျှောကျကာ မြေပေါ်သို့ ရောက်သွားသည်။ မာရ်နတ်မင်းသည် အရှက်ရသွားသည်။

ပြေးရန် ကြံသည်။ ထို့နောက် သက်သေဖြင့် အောင်စေဦးအံ့ဟု ကြံကာ–

"သိဒ္ဓတ္ထ၊ ဤပလ္လင်မှ သင် ထ၍ သွားလော့၊ ဤပလ္လင်သည် သင်နှင့် မဆိုင်၊ သင် မပိုင်၊ ဤပလ္လင်သည် စွမ်းအင်နှင့် ပြည့်စုံ၍ တန်ခိုးဂုဏ်ရှိသော ငါ တစ်ဦးတည်းသာ ပိုင်ပေသည်" ဟု ဆို၏။

ဘုရားလောင်းမူကား မာရ်နတ် ပြုလေသမျှသော ရန်တို့ကို သည်းခံတော်မူသည်။ ချစ်တတ်သော အဖသည် ချစ်သောစိတ်ဖြင့် သားကို ကြည့်သကဲ့သို့ ရွှင်သော မျက်စိဖြင့် မာရ်နတ်ကို ကြည့်တော်မူသည်။

"မာရ်နတ်မင်း၊ သင်သည် ပါရမီ ၁၀–ပါး၊ အပြား–၃၀၊ စွန့်ခြင်းကြီး ၅–ပါး၊ စရိယ ၃–ပါး တို့ကို တစ်ခါတစ်ရံမျှ ဖြည့်ကျင့်ခဲ့သည် မဟုတ်။ ငါသာလျှင် စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် အတန်တန် ဖြည့်ကျင့်ခဲ့ခြင်း ဖြစ်သည်။ သည်ဗောဓိပင်နှင့် သည်ရွှေပလ္လင်ကို ငါသာ ဆိုင်သည်။ ငါ တစ်ဦးတည်းသာ ပိုင်သည်။ သင် မဆိုင်၊ သင် မပိုင်၊ သင် ဆိုင်ကြောင်း၊ သင် ပိုင်ကြောင်း မည်သို့ သက်သေ ပြနိုင်သနည်း" ဟု ချိုသာစွာ မိန့်တော်မူသည်။

မာရ်နတ်မင်းသည် မိမိ ပိုင်ဆိုင်ကြောင်း နောက်ပါ စစ်သည်တော် တပ်သားများအား အသိသက်သေ ပြုသည်။ ဘုရားအလောင်းကိုလည်း သက်သေပြစေသည်။ ထိုအခါ ဘုရားလောင်းက –

"ငါ၏ဘက်တွင် လူ, နတ် သက်သေ တစ်ဦးတစ်ယောက်မျှ မရှိ။ သို့သော် ဤဝသုန်မြေကြီးသည် ငါ၏ အလှူကို သိသူ၊ ငါ၏ သက်သေ ဖြစ်တော့သည်" ဟု ဆိုတော်မူကာ မြေကြီးကို ရှေးရှု လက်ညှိုးညွှန်ပြတော်မူလေသည်။

ထိုအခါ ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော ပံသုသီလာ မြေနှစ်လွှာသည် အိုးထိန်းစက်ကဲ့သို့ ဝန်းဝန်းလည်လျက် သည်းစွာသော အသံကို ပြု၏။ မြေကြီး၏ အသံကြောင့် ကောင်းကင်

သည်လည်း မိုးကြိုးထစ်သကဲ့သို့ ပြင်းစွာ မြည်လေသည်။ အလုံးစုံသော စကြဝဠာတိုက်သည် ပြင်းစွာ မြည်လေသည်။ မိုးမရွာဘဲ တိမ်တောင် မတက်ဘဲ အလုံးစုံသော ကောင်းကင်၌ နတ်စက်တို့သည် ပစ်ကုန်၏။ မိုးကြိုးစက်တို့လည်း ကျကုန်၏။

ထိုအခါ မြေကြီးနှင့် ကောင်းကင်နှစ်ပါးတို့ အကြား၌ မာရ်နတ်သည် ကိုးကွယ်ရာမရှိ၊ ကြီးစွာ ထိတ်လန့်ခြင်း ဖြစ်၏။ ဂိရိမေခလာ ဆင်၌ စိုက်ထောင်သော အောင်တံခွန်ကိုလှဲ၍ လက်နက်တစ်ထောင်ကို ပစ်ချလိုက်သည်။ ဂိရိမေခလာ ဆင်ကိုမျှ မကြည့်။ ဦးတည်ရာ အရပ်သို့ ထွက်ပြေးသည်။ နောက်မှ ရန်သူတို့ လိုက်သကဲ့သို့ ကြောက်လန့်ကြီးစွာဖြင့် မိမိနေရာ ဝသဝတ္တီဘုံတိုင်အောင် ပြေးလေ၏။

မာရ်နတ်မင်း၏ စစ်သည်အပေါင်းတို့လည်း ဆင်မြန်းလာသော တန်ဆာတို့ကိုမျှ မယူနိုင်။ စွန့်ပစ်၍ မျက်နှာမူရာ အရပ်သို့သာ ရှေးရှု၍ ပြေးကြလေ၏။

ဤသို့ ဘုရားအလောင်းတော်သည် မာရ်နတ်မင်းနှင့် မာရ်နတ်စစ်သည်တို့ကို အောင်ခြင်းမှ အစပြု၍ အလုံးစုံသော လောကကို အောင်ခြင်းသို့ ရောက်တော်မူသည်။

**အကိုး**


၁။ မဟာဗုဒ္ဓဝင် (ဒုတိယတွဲ) တိပိဋကဓရ ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ။

၂။ ဂေါတမဗုဒ္ဓ၊ ဒဂုန်ဦးထွန်းမြင့်။

၃။ မြန်မာ့စွယ်စုံကျမ်း (အတွဲ-၁၅)



အာဠာဝကဘီလူးကို
အောင်ခြင်း

## ၂။ အာဠဝက ဘီလူးကို အောင်ခြင်း

ဗုဒ္ဓဘုရားရှင်သည် အင်္ဂုလိမာလ ခိုးသူကြီးကို အောင်တော်မူပြီးနောက် ကပ္ပိလဝတ်ပြည်သို့ ကြွတော်မူသည်။ နိဂြောဓာရုံကျောင်း၌ (၁၅) ဝါမြောက် ဝါကပ်တော်မူသည်။

ထို့နောက် ဝါကျွတ်သောအခါ လူ နတ် ဗြဟ္မာတို့ကို တရားဟောကြား ဆုံးမတော်မူရန် ဒေသစာရီ ကြွချီတော်မူခဲ့ရာ အာဠဝီပြည်သို့ ရောက်တော်မူသည်။

အာဠဝီပြည်သည် ဟိမဝန္တာအနီးတွင် ရှိသည်။ ထိုပြည်အတွင်း မင်းနေပြည်နှင့် မနီးမဝေးသောအရပ်၌ ညောင်ပင်ကြီးတစ်ပင် ရှိသည်။ ထိုညောင်ပင်အနီးရှိ ဗိမာန်၌ အာဠဝကဘီလူး နေထိုင်သည်။ ထိုဗိမာန်ကို သာမန်လူတို့ မမြင်နိုင်။ တန်ခိုးရှိသူတို့သာ မြင်နိုင်သည်။ အာဠဝက ဘီလူးသည် စတုမဟာရာဇ် နတ်မင်းတို့ထံတွင် ကျိုးနွံခယလေ့ရှိသည်။ ထို့ကြောင့် မွန်းတည့်ကာလ ထိုညောင်ပင်ရိပ် ကျရာနေရာသို့ ရောက်ရှိလာသော သတ္တဝါတို့ကို စားပိုင်ခွင့် ရရှိလေသည်။ သို့ဖြင့် အာဠဝက ဘီလူးသည် ညောင်ပင်ရိပ်သို့ ရောက်လာသော သတ္တဝါတို့ကို စားသောက်နေထိုင်၏။

တစ်နေ့တွင် အာဠဝီပြည့်ရှင် အာဠဝီဘုရင်သည် နောက်ပါ အခြွေအရံတို့နှင့်အတူ တောကစား ထွက်တော်မူသည်။ အခြွေအရံ

တို့အား "မိမိတို့တာမှ သားကောင်ကို မလွတ်အောင် ဖမ်းကြစတမ်း" ဟု ဆိုကာ သားကောင်များကို လိုက်လံ ရှာဖွေကြသည်။ ထိုအခါ သမင်တစ်ကောင်ကို တွေ့လေသည်။ ထိုသမင်ကို ဝိုင်းဝန်းဖမ်းကြရာ သမင်သည် မင်းကြီးတာမှ လွတ်ထွက်ပြေးလေသည်။

ဤတွင် မင်းကြီးသည် လေး၊ မြား၊ သန်လျက်တို့ကို ကိုင်ဆောင်လျက် သမင်နောက်သို့ အပြေးလိုက်လေ၏။ မကြာမီပင် သမင်ကို မိရာ မောပန်းစွာဖြင့် ပြန်လာခဲ့သည်။ လမ်းခရီးအကြားတွင် နားနေဦးမည်ဟု နှလုံးပိုက်၍ အာဠဝကဘီလူး၏ ညောင်ပင်ရိပ်သို့ ဝင်ခဲ့လေသည်။

ထိုအခါ အာဠဝကဘီလူးသည် ညောင်ပင်ပေါ်က ဆင်းသက်လာသည်။ "အသင်မင်းကြီး၊ မသွားနှင့်တော့၊ သင်ကား ငါ၏အစာဖြစ်ချေပြီ" ဟု ဆို၏။

မင်းကြီးလည်း များစွာ ကြောက်ရွံ့သွားသည်။ သူ၏ကိုယ်စားသမင်ကို စားရန် ပြောသည်။ အာဠဝက က "သမင်ရော လူပါ ငါ့အရိပ်သို့ ဝင်လာကြပြီ၊ နှစ်ဦးစလုံးကို ငါ ပိုင်ပြီ" ဟု ဆို၏။

မင်းကြီးက "ငါ့ကို လွှတ်လော့၊ ငါသည် သင့်အား နေ့တိုင်း၊ နေ့တိုင်း လူတစ်ယောက်နှင့် ထမင်းချက်ပြီး ထမင်းအိုး တစ်အိုး ပို့ဆက်ပါမည်၊ မပို့ဆက်သောနေ့၌ ငါ့ကိုဖမ်း၍ စားလော့" ဟု ကတိပေးပြောဆို၏။ အာဠဝကလည်း မင်းကြီး၏ ကတိစကားကို လက်ခံကာ သွားခွင့်ပြုလိုက်လေ၏။

မင်းကြီးသည် နန်းတော်သို့ ရောက်သောအခါ မြို့ဝန်ကို ခေါ်သည်။ ဘီလူးနှင့် ကတိကဝတ် ထားခဲ့ရသော အကြောင်းကို လျှို့ဝှက်စွာ ပြောကြားသည်။

မြို့ဝန်က "ဘီလူးထံ လူများကို နေ့စဉ် ပို့လွှတ်ရန် နေ့ရက်အပိုင်းအခြား ပြုခဲ့ပါလော" ဟု မေးမြန်း၏။ မင်းကြီးလည်း "နေ့ရက်အပိုင်းအခြား မထားမိခဲ့ပါ" ဟု ပြန်ပြောသည်။

မြို့ဝန်က "ဤသို့ဖြစ်လျှင် အရှင်မင်းကြီး အပြုမှားခဲ့လေပြီ၊ နေ့ရက် အပိုင်းအခြား မထားသဖြင့် လူပေါင်းများစွာ ဒုက္ခရောက်တော့မည်။ သို့ရာတွင် မည်သို့မျှ မတတ်နိုင်၊ ဖွတ်မိုတ်၍ ပြုရချေတော့မည်" ဟု ဆို၏။

ဤသို့ဆိုကာ မြို့ဝန်သည် နေ့စဉ် နှောင်အိမ်မှ ရာဇဝတ်သား တစ်ယောက်ကျ ထုတ်သည်။ ထိုရာဇဝတ်သားကို အိမ်သို့ ခေါ်ဆောင်သွား၍ ရေချိုးပေးသည်။ ထမင်းကျွေးသည်။ ထို့နောက် "ဤထမင်းချက်အိုးကို ဘီလူးအား သွားရောက်ပေးလော့" ဟု ပြောဆိုကာ လွှတ်လိုက်သည်။ ထို ရာဇဝတ်သားသည် ညောင်ပင်ရိပ်သို့ ဝင်မိလျှင် ဝင်မိချင်းပင် အာဠဝကသည် ကြောက်မက်ဖွယ် ကိုယ်အတ္တဘောကို ဖန်ဆင်း၍ ထိုသူကို ကျွတ်ကျွတ်ဝါးကာ စားလေတော့သည်။

နှောင်အိမ်တွင်းမှ လူကုန်လတ်သော် မြို့ဝန်သည် ဥစ္စာထုပ်ကို တစ်နေရာတွင် ချထားစေသည်။ ကောက်ယူသူကို ခိုးသူဟု စွပ်စွဲကာ နှောင်အိမ်သို့ ပို့သည်။ ရှေးနည်းအတိုင်း ဘီလူးထံ စေလွှတ်ပြန်သည်။ ကာလကြာသော် ထိုအကြောင်းကို ပြည်သူတို့ သိကြသဖြင့် ဥစ္စာထုပ်ကို မကောက်ယူကြတော့ပေ။ ဤတွင် မွေးဖွားစ ပုခက်တွင်းရှိ သူငယ်များကို ဘီလူးထံ ပို့ပြန်လေသည်။

ဤနည်းအားဖြင့် ၁၂–နှစ်တိုင်ကြာမျှ လူပေါင်း များစွာတို့ ဘီလူးစားခံရလေသည်။ နောက်ဆုံး၌ အာဠဝီပြည်၌ သူငယ်တစ်ယောက်ကိုမျှ ရှာ၍မရနိုင်သောအဖြစ်သို့ ရောက်လေသည်။ မြို့ဝန်သည် မင်းကြီး၏သားတော် အာဠဝကကုမာရ မင်းသားငယ် တစ်ယောက်သာလျှင် ပြည်တော်တွင် ကျန်ရှိကြောင်း ဘုရင်ကို လျှောက်ထားသည်။ မင်းကြီးလည်း ထို မင်းသားငယ်ကိုပင် ပို့ရန် အမိန့်ချမှတ်လိုက်လေသည်။

အာဠဝကမင်းသားကို ဘီလူးစာအဖြစ် မပို့မီ တစ်နေ့နံနက်ကပင် ဘုရားရှင်သည် မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍

သဗ္ဗညုတဉာဏ်စက္ခုဖြင့် လောကကို ရှုတော်မူသည်။ ထိုအခါ အာဠဝက မင်းသား၏ အနာဂါမိဖိုလ်သို့ ရောက်မည့်အကြောင်း၊ အာဠဝကဘီလူး ၏ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်မည့်အကြောင်းနှင့် သတ္တဝါ အများ တရားရအံ့သော အကြောင်းတို့ကို မြင်တော်မူသည်။ ထို့ကြောင့် လကွယ်နေ့ ညချမ်းအချိန်ကပင် ပရိက္ခရာရှစ်ပါးကို ယူဆောင်လျက် အာဠဝကဘီလူး၏ ညောင်ပင်သို့ တစ်ပါးတည်း ကြွတော်မူသည်။ ညောင်ပင်အနီးသို့ ရောက်သောအခါ သာမန်လူတို့ မမြင်နိုင်သော အာဠဝကဘီလူး၏ ဗိမာန်ကို ဘုရားရှင် ကောင်းစွာ မြင်တော်မူသည်။ သို့ဖြင့် ဗိမာန်တံခါးဝ၌ ရပ်လျက် တံခါးစောင့် ဂဒြဘ ဘီလူးအား တစ်ညဉ့်မျှ တည်းခိုခွင့်ပြုရန် မိန့်ကြားသည်။

ထိုအချိန်၌ အာဠဝကဘီလူးသည် ဗိမာန်၌ မရှိ။ နတ်သဘင် အစည်းအဝေးသို့ တက်နေသည်။ တံခါးစောင့် ဂဒြဘ ဘီလူးက "ကျွန်ုပ်မှာ ခွင့်မပိုင်၊ အာဠဝကဘီလူးထံ ယခုပင် သွားရောက် ခွင့် ပန်ကြားပေးပါမည်" ဟု ဘုရားရှင်အား လျှောက်ထားသည်။ ချက်ချင်း ပင် အာဠဝကဘီလူး ရှိရာသို့ ထွက်ခွာသွားသည်။

ထိုစဉ် ဘုရားရှင်သည် အာဠဝက၏ ဗိမာန်တွင်းသို့ ဝင်လိုက် သည်။ အာဠဝက၏ ရာဇပလ္လင်ထက်သို့ တက်၍ ထိုင်တော်မူသည်။ ထိုအခါ အာဠဝကဘီလူး၏ မောင်းမမိဿံ အခြွေအရံ ဘီလူးမများ သည် စုရုံး လာရောက်ကြသည်။ ဘုရားရှင်ကို ရှိခိုးကြပြီးလျှင် ဝိုင်းဝန်း ခြံရံလျက် ထိုင်နေကြသည်။ ဘုရားရှင်ကလည်း သင့်တော်သည့် တရားစကားများကို မိန့်ကြား ဟောပြောနေလေသည်။

နတ်သဘင် အစည်းအဝေးတွင် သာတာဂိရိနှင့် ဟေမဝတ နတ်ဘီလူး နှစ်ယောက်တို့က အာဠဝကဘီလူးအား သူ့ဗိမာန်၌ ဘုရား ရှင် စံပယ်တော်မူနေကြောင်း၊ လျင်မြန်စွာသွား၍ ရှိခိုးပူဇော်သင့် ကြောင်း ပြောကြားကြသည်။ ထိုစဉ် အာဠဝကထံ ဂဒြဘ ရောက်ရှိ လာသည်။ ဗိမာန်၌ ဘုရားရှင် ကြွရောက်တော်မူနေကြောင်း အကျိုး အကြောင်း လျှောက်ထားသည်။

အာဠဝကဘီလူးကား မခံမရပ်နိုင်။ ဘုရားရှင်ကို ရန်ပြုရန်အတွက် မိမိ ဗိမာန်သို့ အလျင်အမြန် ပြန်သွားသည်။ မိမိ၏ ရာဇပလ္လင်ထက်၌ စံပယ်တော်မူနေသော ဘုရားရှင်ကို မြင်သော် ဒေါသအမျက်ခြောင်းခြောင်း ထွက်သည်။ သို့ဖြင့် ဘုရားရှင်အား ကြိမ်းမောင်းခြိမ်းခြောက်ကာ ထိုဗိမာန်အတွင်းမှ လွှင့်စဉ်သွားရန် အစွမ်းရှိသမျှပြုလုပ်လေသည်။ အာဠဝကသည် လေကြီး၊ မိုးကြီး တိုက်စေခြင်း၊ ကျောက်ခဲမိုး ရွာစေခြင်း စသည်ဖြင့် အမျိုးမျိုး ရန်ပြုသည်။ မအောင်မြင်။ နောက်ဆုံးတွင် သူ၏ လက်စွဲဖြစ်သော ဘွဲ့ဖြူပုဆိုးလက်နက်ဖြင့်ပစ်လေသည်။ ထိုလက်နက်သည်ကား သမုဒ္ဒရာထဲသို့ ပစ်ချပါကမီးဟုန်းဟုန်း ထတောက်စေနိုင်သည့် လက်နက် ဖြစ်သည်။ ထိုလက်နက်သည် ဘုရားရှင်၏ တန်ခိုးတော်ကြောင့် အစွမ်းမထက်တော့။ ဘုရားရှင်၏ ခြေတော်ရင်း၌ ခြေသုတ်ပုဆိုးပမာ ကျရောက်နေလေသည်။

ဤသို့ အစွမ်းရှိသမျှ တိုက်ခိုက်၍ မရသောအခါ အာဠဝကသည် အလွန် ပြင်းထန်သော အသံကြီးဖြင့် "ရဟန်း ဂေါတမ၊ အခုချက်ချင်း ထွက်သွားလော့" ဟု ကြိမ်းမောင်း နှင်ထုတ်လေသည်။ ဘုရားရှင်သည် မည်သို့မျှပင် မဆိုဘဲ ညင်သာစွာ ထွက်သွားလေသည်။ ထိုအခါ အာဠဝက အံ့ဩသွားသည်။ သူသည် ဘုရားရှင်ကသူ့အား ငြင်းဆန် ခုခံလိမ့်မည်ဟု မှတ်ထင်ထားခဲ့သည်။ ယခုမူ သူထင်ထားသကဲ့သို့ မဟုတ်။ တစ်ခွန်းတည်း ပြောရုံမျှနှင့် ထွက်သွားသည်ကို တွေ့ရသောအခါ အံ့ဩသွားသည်။ ဤမျှလောက် အပြောရလွယ်သော ဘုရားရှင်အား တန်ခိုးအမျိုးမျိုးဖြင့် သူ ပြုမူ တိုက်ခိုက်ခဲ့သည်ကို နောင်တရကာ ရှက်သွားလေသည်။ သို့ရာတွင် သူသည်ရှက်ရှက်ဖြင့်ပင် ဘုရားရှင်၏စိတ်ကို သိလိုသဖြင့် "ရဟန်း ဂေါတမ၊ ဗိမာန်ထဲသို့ ပြန်ဝင်လော့" ဟု ဆိုပြန်သည်။ ဘုရားရှင်ကလည်း မည်သို့မျှမဆို ပြန်ဝင်တော်မူသည်။ ဤသို့လျှင် ဘုရားရှင်သည် သုံးကြိမ်

တိုင် ထွက်ခြင်း၊ ဝင်ခြင်းကို ပြုတော်မူသည်။ ဤသို့ ပြုသည်မှာ ဘီလူး၏ ဒေါသစိတ်ကို တားမြစ်၍ တရား တည်လွယ်စိမ့်သောငှာ ပြုခြင်း ဖြစ်သည်။

ထို့နောက် အာဠဝက က "ဤရဟန်းကား ငါ့စကားကို နား ထောင်ပေသည်။ ဤသို့ နားထောင်သည်ကို ယခင့်ယခင်က ငါ သိရမှု တစ်ညဥ့်လုံး ထွက်စေ ဝင်စေ ပြုစေမည်။ မောပန်းသောအခါမှ ခြေ နှစ်ချောင်းကို ကိုင်လျက် မြစ်တစ်ဖက်သို့ ပစ်ရသော် ငါ အောင်မြင် ရာ၏။ ယခုတစ်ကြိမ် ထွက်ခါမှ ခြေကို ကိုင်၍ ငါ ပစ်တော့မည်" ဟု ကြံသည်။ သို့ဖြင့် "ရှင်ကြီး ဂေါတမ၊ ထွက်ဦးလော့" ဟု ဆို၏။

ဤအကြိမ်တွင်ကား ဘုရားရှင်သည် မထွက်တော့။ "ငါ မထွက်လိုပြီ။ သင် ဘီလူးသည် ငါ ဘုရားကို ခြေဖျားနှစ်ဖက်ကို ကိုင်လျက် မြစ်တစ်ဖက်သို့ ပစ်အံ့ဟု ကြံနေပြီ။ ထို့ကြောင့် ငါ မထွက် လို" ဟု မိန့်တော်မူသည်။

ဤတွင် အာဠဝက က "ဤရဟန်းကား တန်ခိုးကြီးမားရုံသာ မက ငါ့စိတ်အကြံကိုလည်း သိနေပြီ။ ပညာဉာဏ် ရှိလှသည်။ ထိုသို့ ပညာဉာဏ်ရှိသော သူမြတ်ကို ပြဿနာများ မေးရသော် ကောင်း၏။ ပြဿနာများကို မဖြေနိုင်သောအခါတွင်မှ သူ၏စိတ်ကို ရူးသွပ်သွား အောင်သော်လည်း ပြုအံ့။ သူ့အသက်ကိုသော်လည်း ခွင်းအံ့။ သမုဒ္ဒရာ ထဲသို့သော်လည်း ပစ်အံ့" ဟု ကြံ၏။

ဘုရားရှင်သည် ဤအကြံကို သိတော်မူလျှင် "အချင်း အာဠဝက၊ ငါဘုရားအား ဤလောကတွင် မည်သူမျှ ရန်မပြုနိုင်။ သင် မေးလို သမျှသော ပြဿနာကိုသာ လျင်စွာ မေးလော့" ဟု မိန့်တော်မူသည်။

အာဠဝက မေးလိုသော ပြဿနာကို အာဠဝကဘီလူး၏ အမိ အဖများသည် ကဿပဘုရားထံမှ အဖြေနှင့်တကွ သင်ကြားခဲ့သည်။ သားဖြစ်သူ အာဠဝကအား ငယ်စဉ်ကပင် သင်ကြားပေးခဲ့ကြသည်။ သို့သော် အာဠဝကသည် ကာလရှည်ကြာသဖြင့် အဖြေကို မေ့နေ

သည်။ ပုစ္ဆာကိုမူကား မမေ့ရလေအောင် ရွှေပြားထက်၌ ဆေးဒန်းမြင်းသီလာဖြင့် သေချာစွာ ရေးကူး၍ ဗိမာန်ဦး၌ ထားလေသည်။ ထို့ကြောင့် အာဠဝကသည် အောက်ပါပုစ္ဆာများကို ဘုရားရှင်အား သေချာကျနစွာ မေးမြန်းနိုင်ခြင်း ဖြစ်သည်။

အာဠဝက က မေးမြန်းသည်မှာ -

(၁) လောကသုံးပါး၌ ယောကျ်ား၊ မိန်းမ ဟူသမျှတို့၏ မြတ်လှစွာသော ဥစ္စာရတနာကား အဘယ်နည်း။

(၂) လေ့ကျက်ထားခြင်းတကာဝယ် မည်သည့် အလေ့အကျက်သည် ချမ်းသာကို ဆောင်သနည်း။

(၃) အရသာတို့တွင် မည်သည့် အရသာကို သာလွန်ကောင်းမြတ်သည်ဟု ဆိုအပ်သနည်း။

(၄) အသက်မွေးခြင်းတို့တွင် အဘယ်မည်သော အသက်မွေးခြင်းကို မြတ်သည်ဟု ဆိုအပ်သနည်း။

ဟူသည်တို့ ဖြစ်သည်။

ထိုအခါ ဘုရားရှင်သည် ကဿပဘုရား ဖြေကြားတော်မူခဲ့သကဲ့သို့ပင် ဤသို့ ဖြေကြားတော်မူသည်။

(၁) ဤလူ့ရွာ၌ ယောကျ်ား၊ မိန်းမ ဟူသရွေ့၏ မြတ်လှစွာသော ဥစ္စာရတနာကား ရတနာသုံးပါးတို့၏ ဂုဏ်၌ မတုန်မလှုပ် ယုံကြည်ခြင်းသဒ္ဓါ ဖြစ်သည်။

(၂) လေ့ကျက်ခြင်းတို့အနက် ကောင်းစွာ လေ့ကျက် ကျင့်သုံးအပ်သော ကုသိုလ် ၁၀-ပါး ကောင်းမှုတရားသည် (ဝါ) ဒါန၊ သီလ၊ ဘာဝနာ တည်းဟူသော ကောင်းမှုတရားသည် လူ၊ နတ်၊ နိဗ္ဗာန် ချမ်းသာသုံးတန်ကို ဆောင်ရွက်နိုင်ပေသည်။

(၃) အရသာ တကာတို့တွင် မှန်ကန် ဖြောင့်မတ်သော စကားသည် အလွန် ကောင်းမြတ်သော အရသာ ဖြစ်သည်။

(၄) အသက်မွေးခြင်းတကာတို့တွင် ပညာဖြင့် အသက်မွေးခြင်းကို လိမ္မာကုန်သော ပညာရှိတို့က မြတ်၏ဟု ဆိုကုန်သည်။

ထိုသို့ ဘုရားရှင် ဖြေဆိုသည်ကို ကြားရသောအခါ အာဠဝက သည် အလွန် နှစ်သက် ဝမ်းမြောက်သွားသည်။ ကျန်ပုစ္ဆာ ပြဿနာ တို့ကို ဆက်လက် မေးမြန်းပြန်သည်။

(၁) အဘယ်သို့သော အကြောင်းအရာဖြင့် သံသရာ ဟူသော ဝဲသြဃ ကို ကူးမြောက်နိုင်ပါအံ့နည်း။

(၂) အဘယ်သို့သော အကြောင်းအားဖြင့် ဝဋ်ဆင်းရဲ ဟူသော သမုဒ္ဒရာကို ကောင်းစွာ လွန်မြောက်နိုင်ပါအံ့နည်း။

(၃) အဘယ်သို့သော အကြောင်းဖြင့် ဆင်းရဲအပေါင်းမှ ကောင်းစွာ လွတ်ပါအံ့နည်း။

(၄) အဘယ်ရေအေးဖြင့် ကိလေသာ ဟူသော အညစ်အကြေးကို ဆေးကြော သုတ်သင်၍ စင်ကြယ်စေပါအံ့နည်း။

ထိုအခါ ဘုရားရှင်က ဤသို့ ဖြေဆိုတော်မူသည်။

(၁) သဒ္ဓါတရားဖြင့် သံသရာ တည်းဟူသော ဝဲသြဃကို ကူးမြောက် နိုင်သည်။

(၂) ကုသိုလ်ကောင်းမှု ပြုရာ၌ ပျော်မွေ့၍ မမေ့မလျော့ခြင်းဖြင့် သမုဒ္ဒရာပမာထက် ကဲလွန်သော ဝဋ်ဆင်းရဲကို လွန်မြောက် နိုင်သည်။

(၃) ပါရမီ ၁၀–ပါး၊ တရားမြတ်ဓမ္မ၌ ကြိုးကုတ် အားထုတ်ခြင်းဖြင့် ဆင်းရဲအပေါင်းမှ လွတ်မြောက်စေနိုင်သည်။

(၄) ဝိပဿနာပညာ ၁၀–ပါး၊ ဉာဏ်တရားဖြင့် ကိလေသာမြူမှေး အညစ်အကြေးကို စင်ကြယ်စေနိုင်သည်။

ထိုသို့ ဘုရားရှင် ဖြေဆိုတော်မူသည်ကို အာဠဝကဘီလူး ကြား သိသောအခါ ပါရမီဘုန်းကံ ရှိသည့်အလျောက် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ထိုသို့ အာဠဝကဘီလူးအား ဘုရားရှင် တရားဟော၍ ပြီးဆုံး ခြင်း၊ ထိုညဉ့်ကုန်၍ နေအရုဏ်တက်လျက် မိုးသောက်ခြင်းနှင့် အာဠဝီ

ပြည်သားတို့က အာဠဝကမင်းသားငယ်ကို ဘီလူးစာအဖြစ် ပို့လာ၍ ရောက်ခြင်းတို့သည် တစ်ပြိုင်နက် ဖြစ်လေသည်။

မင်းချင်းတို့သည် အာဠဝက မင်းသားကလေးကို ဘီလူး အလိုရှိသလို ပြုလုပ်ရန် ပေးအပ်လိုက်လေသည်။ သောတာပန်အဖြစ် တည်ပြီးဖြစ်သော ဘီလူးက သူငယ်ကို လက်နှစ်ဖက်ဖြင့် ညင်သာစွာ ချီယူလိုက်သည်။ "အရှင်ဘုရား … ဤသူငယ်ကို အလိုရှိရာ ပြုတော်မူပါ၊ အကျွန်ုပ် ကပ်လှူပါသည်" ဟု ဆိုပြီးလျှင် ဘုရားရှင်အား သူငယ်ကို ကပ်လှူလေသည်။

ထိုအခါ ဘုရားရှင်က သူငယ်ကို ချီယူ လက်ခံတော်မူ၍ မင်းချင်းများကို ခေါ်သည်။ မင်းသားအား ကောင်းစွာ ကျွေးမွေး၍ ကြီးရင့်သည့်အခါမှ မိမိထံသို့ ယူဆောင်လာရန် မှာကြားသည်။ မင်းချင်းတို့၏ လက်သို့ မင်းသားသူငယ်အား ပြန်၍ ပေးအပ်လေသည်။

ဤကဲ့သို့ မင်းချင်းတို့လက်မှ အာဠဝကလက်၊ အာဠဝကလက်မှ တစ်ဆင့် ဘုရားရှင်လက်တော်၊ ဘုရားရှင် လက်တော်မှ မင်းချင်းတို့ လက်သို့ ပြန်ရောက်သည်ကို အစွဲပြု၍ ထိုမင်းသားငယ်သည် ထိုအခါမှစ၍ ဟတ္ထာဠဝက မင်းသားဟု တွင်လေသည်။

ဘုရားရှင်သည် အာဠဝကဘီလူးအား သပိတ်ကို ပိုက်စေလျက် အာဠဝီ ပြည်တွင်းသို့ ဆွမ်းခံဝင်လေသည်။ ယင်းသို့ ဘုရားရှင်သည် အလွန် ကြမ်းတမ်းခက်မာသော အာဠဝကဘီလူးကို အောင်တော်မူခြင်းသည် ဘုရားရှင်၏ ဒုတိယမြောက် အောင်ခြင်း ဖြစ်ပေသည်။

ဟတ္ထာဠဝကမင်းသာ အရွယ်သို့ ရောက်သောအခါ ခမည်းတော် မင်းကြီးနှင့်တကွ မှူးမတ်တို့က ထိုအကြောင်းကို ပြောပြကြသည်။ ဘုရားရှင်ကို ဆည်းကပ်ကိုးကွယ်ရန် တိုက်တွန်းကြသည်။ သို့ဖြင့် မင်းသားသည် ဘုရားရှင်ထံသို့ အခြံအရံ ငါးရာနှင့်တကွ သွားရောက်သည်။ ဆည်းကပ် ကိုးကွယ်သည်။ မကြာမီပင် အနာဂါမိဖိုလ်၌ တည်လေသည်။ ဟတ္ထာဠဝက မင်းသားသည် အခြံအရံ ငါးရာနှင့်အတူ ယဉ်ကျေးသိမ်မွေ့သော ဣန္ဒြေ အမူအရာဖြင့် သွားလာ

လှုပ်ရှားသည်။ ဘုရားရှင်သည် မင်းသားနှင့် သူ၏ အခြံအရံတို့ကို မြင်၍ များစွာ အားရနှစ်သက်တော်မူသည်။

ထို့ကြောင့် "ချစ်သား ဟတ္ထာဠဝက၊ သင်၏ ပရိသတ်ကား များလည်း များ၏။ ယဉ်ကျေးသိမ်မွေ့ခြင်းလည်း ရှိ၏။ သင်သည် အဘယ်သို့ ပရိသတ်ကို ချီးမြှောက်သနည်း" ဟု မေးတော်မူ၏။

မင်းသားက "အရှင်ဘုရား...တပည့်တော်သည် ဒါန၌ နှစ်သက်သူကို ဒါနဖြင့် ချီးမြှောက်ပါသည်။ ချစ်ဖွယ်သောစကားကို ဆိုခြင်း၌ နှစ်သက်သူကို ချစ်ဖွယ်သောစကားကို ဆိုခြင်းဖြင့် ချီးမြှောက်ပါသည်။ တစ်ပါးသူအား ကူညီခြင်း၌ နှစ်သက်သူကို တစ်ဖန် ပြန်လည် ကူညီခြင်းဖြင့် ချီးမြှောက်ပါသည်။ တစ်ပါးသူအား ကိုယ်တူထပ်မျှ ချီးမြှောက်ခြင်း၌ နှစ်သက်သူကို ကိုယ်တူထား၍ ချီးမြှောက်ပါသည်" ဟူ၍ လျှောက်ထားသည်။

ဤတွင် ဘုရားရှင်သည် နောင်အခါ အရိယာ သာဝကတို့၏ အလယ်၌ ဧတဒဂ်ဆု ချီးမြှင့်ရာတွင် ဟတ္ထာဠဝက မင်းသားကိုလည်း ပရိသသင်္ဂဟဉ္စ အရာ၌ ဧတဒဂ်ထား၍ ဆုချီးမြှင့်တော်မူသည်။ သို့ ချီးမြှင့်ရာ၌ ဘုရားရှင်က "ရဟန်းတို့ သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် ပရိသတ်ကို ချီးမြှောက် ထောက်ပံ့ကုန်သော ငါ၏ သာဝက ဥပါသကာတို့တွင် ဟတ္ထာဠဝကသည် အမြတ်ဆုံး ဖြစ်၏" ဟူ၍ မိန့်တော်မူသည်။

**အကိုး**



၁။ မဟာဗုဒ္ဓဝင်
(မင်းကွန်း တိပိဋက ဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ)

၂။ ဓိနတ္ထပကာသနီကျမ်း (ကျီးသဲလေးထပ် ဆရာတော်)

၃။ မြန်မာ့စွယ်စုံကျမ်း (အတွဲ-၁၄)

၄။ ဂေါတမဗုဒ္ဓ (ဒဂုန်ဦးထွန်းမြင့်)

၅။ ဧတဒဂ်ဝတ္ထု (ဦးသော်ဇင်)



နာဠာဂီရိဆင်မင်းကို
အောင်ခြင်း

# ၃။ နာဠာဂိရိဆင်မင်းကို အောင်ခြင်း

ဘုရားရှင်သည် အာဠဝက ဘီလူးကို အောင်တော်မူပြီးနောက် အာဠဝီပြည်အနီး မဟာဝုန်တော၌ (၁၆) ဝါမြောက် ဝါကပ်တော်မူသည်။ ဝါကျွတ်သောအခါ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသည်။ (၁၇) ဝါမြောက် ဝါကပ်တော်မူသည်။ ထို့နောက် ရာဇဂြိုဟ်ပြည်အနီး စာလိယတောင်၌ (၁၈) ဝါနှင့် (၁၉) ဝါမြောက်ကို ဝါကပ်တော်မူသည်။ ဝါ (၂၀) မြောက်ကိုကား ရာဇဂြိုဟ်ပြည်၌ပင် ဝါကပ်တော်မူသည်။

ထိုစဉ် ဘုရားရှင်အပေါ် အမျက်အာဃာတ ပြင်းစွာထားလျက်ရှိသော ဒေဝဒတ်သည် မင်းသားကို ဦးဆောင်၍ ဘုရားရှင်အား သတ်ရန် အမျိုးမျိုး အားထုတ်လေသည်။ ဒေဝဒတ်သည် သူတစ်ပါးအား စေခိုင်း၍လည်း ဘုရားရှင်အား သတ်ရန် ရန်ပြုသည်။ သို့ရာတွင် ဘုရားရှင်၏ ကြီးမားသော တန်ခိုးနှင့် မေတ္တာတော်တို့ကြောင့် မအောင်မြင်ခဲ့။

ဤတွင် ဒေဝဒတ် ကိုယ်တော်တိုင် ဘုရားရှင်အား သတ်ရန် အားထုတ်ပြန်သည်။ ဘုရားရှင် စင်္ကြံ ကြွနေစဉ် ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်ကို လှိမ့်ချခဲ့သည်။ ဘုရားရှင်ကိုယ်တော်ကို မထိ။ ခြေမတော်မှ ဒဏ်ရာသည်လည်း နှစ်ရက်၊ သုံးရက်နှင့် ပျောက်ကင်းသွားလေသည်။

နောက်ဆုံး၌ ဘုရားရှင်အား အဇာတသတ်မင်း၏ အလွန်ကြမ်း

ကြုတ်သော နာဠာဂိရိဆင်ဖြင့် တိုက်သတ်ရန် ကြံလေ၏။ ယခင်က နာဠာဂိရိဆင်ကို အရက် ရှစ်အိုး နေ့စဉ် တိုက်နေကျ ဖြစ်သည်။ ယခုမူ ဒေဝဒတ်က နာဠာဂိရိဆင်ကို အရက် ၁၆ အိုး တိုက်၍ ရှင်ဂေါတမ လာသောအခါ လွှတ်တော့ဟု မှာကြား၏။ ဆင်ထိန်းတို့ ကလည်း "အရှင်ဘုရား ... မစိုးရိမ်လင့်၊ ရှင်ဂေါတမ အသက်သည် ဆင်စွယ်ဖျား ထက်သို့ မနက်ဖြန် ရောက်လတ္တံ့" ဟု ဆို၍ ဝန်ခံလိုက်၏။ အဇာတသတ် မင်းလည်း မင်းချင်းတို့ကိုခေါ်၍ မှာကြား၏။ "ဤ နေပြည်တော်၌ နေကုန်သော လူအပေါင်းတို့သည် မနက်ဖြန်နံနက်၌ မိမိတို့ အိမ်မှ အပြင်သို့ မထွက်ကြလင့်" ဟု စည်လည်စေ၏။

ရာဇဂြိုဟ် ပြည်သားတို့လည်း ဒေဝဒတ်၏ အကြံကို ရိပ်မိသဖြင့် ဘုရားရှင်ထံ ချဉ်းကပ်၍ ဆွမ်းတော်မကြွရန် လျှောက်ထားသည်။ ဘုရားရှင်လည်း ဆင်ခြင်တော်မူလတ်သော် အကြောင်းစုံကို သိရှိတော်မူသည်။ သို့ရာတွင် နာဠာဂိရိ ဆင်ကြီးကို ရင်ဆိုင်ရန် ဆုံးဖြတ်တော်မူလိုက်သည်။ "ဥပါသကာတို့ ... နက်ဖြန် နံနက် ရောက်သောအခါ ငါသည် နာဠာဂိရိဆင်ကို ယဉ်ကျေးအောင် ဆုံးမ၍ ကြွတော်မူမည်။ ရာဇဂြိုဟ်ပြည်သူ၊ ပြည်သားတို့ ကျောင်းသို့လာ၍ ကပ်သော ဆွမ်းဩဇာကို ငါ ဆွမ်းဘုဉ်းပေးတော်မူမည်" ဟု မိန့်တော်မူလိုက်သည်။

နောက်တစ်နေ့ မိုးသောက်သော် ဘုရားရှင်သည် ရာဇဂြိုဟ် အနီး ကျောင်းကြီး ၁၈–ရပ်၌ နေကုန်သော ရဟန်း သံဃာတို့ ခြံရံ၍ ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်လျက် ရာဇဂြိုဟ်ပြည်၏ အချက်အချာဖြစ်သော မင်းလမ်းသို့ ကြွ၍ ဆွမ်းခံဝင်တော်မူသည်။ ဆင်ထိန်းတို့လည်း ဒေဝဒတ် စီစဉ်သည့်အတိုင်းပင် နာဠာဂိရိဆင်ကို အရက် ၁၆–အိုး တိုက်ကာ လွှတ်လိုက်ကြသည်။ နာဠာဂိရိဆင်လည်း ဘုရားရှင် ကြွလာသည်ကို အဝေးကပင် မြင်သည်။ ဤတွင် ပြင်းစွာ အသံပြု၍ ဘုရားရှင်ကို ရန်ပြုရန် တစ်ဟုန်တည်း ပြေးလာလေသည်။

အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် စသော နောက်ပါ သံဃာများက ဘုရားရှင်အား "လမ်းလွှဲ၍ ကြွတော်မူပါ။ အကယ်၍ မကြွလျှင် နာဠာဂိရိဆင်ကို တပည့်တော်တို့ ယဉ်ကျေးအောင် အရှင်ဘုရားကိုယ်စား ဆုံးမပါရစေ" ဟု လျှောက်ထားကြသည်။

ဘုရားရှင်က ခွင့်မပြုပေ။ အရှင်အာနန္ဒာကမူ သေချင်း သေလျှင် ငါ အသေခံမည် ဟူသော စိတ်ဓာတ်ဖြင့် ဘုရားရှင်၏ ရှေ့တော်သို့ တက်၏။ ဘုရားရှင်က "ချစ်သား အာနန္ဒာ ... ဖယ်ရှားလော့" ဟု ဆိုတော်မူကာ အရှင်အာနန္ဒာကို ဖယ်ရှား၍ ဆင်အပါးသို့ ကပ်တော်မူ၏။

ထိုအခိုက် သားငယ်ကို ပိုက်၍လာသော မိန်းမ တစ်ယောက်သည် အလွန်ကြောက်လန့်သဖြင့် သားငယ်ကို ဘုရားရှင် ရှေ့တော်၌ ချ၍ ပြေးလေသည်။ ဆင်လည်း ထိုမိန်းမနောက်သို့ လိုက်လေသည်။

ဘုရားရှင်လည်း ရပ်တန့်တော်မူလျက် နာဠာဂိရိဆင်ကို မေတ္တာပို့လျက် "ချစ်သား နာဠာဂိရိ ... သင့်အရှင်တို့သည် သင့်အား သေအရက်တို့ကို အလွန်အကြူးတိုက်၍ လွှတ်လိုက်သည်မှာ အခြားသူများအား သတ်ဖြတ်ရန် မဟုတ်၊ ငါဘုရားကိုသာ သတ်ရန် ဖြစ်သည်၊ သင့်အရှင်စကားကို လိုက်နာသည့်အနေဖြင့် ငါဘုရားထံသို့သာ လျှင်စွာလာလော့" ဟု ခေါ်တော်မူသည်။

နာဠာဂိရိဆင်လည်း ဘုရားရှင် စကားကိုကြားသော် မှိတ်ထားသော မျက်စိကို ဖွင့်၍ ကြည့်ရှုသည်။ ဘုရားရှင်၏ အသံရေတော်ကို တွေ့မြင်သွားသည်။ ဤတွင် ကြည်လင်သော စိတ်စေတနာ ဖြစ်ကာ သေအရက် မူးခြင်း ပျောက်သွားသည်။ သတိဝင်လာသည်။ ချက်ချင်း ပင် အမြီး၊ နားရွက်တို့ကို ချလျက် ခံတွင်းဝသို့ နှာမောင်းကိုသွင်းကာ ဘုရားခြေတော်ရင်း၌ ဝပ်ဆင်း တုပ်ပျပ်လေသည်။

ဘုရားရှင်လည်း နာဠာဂိရိဆင်၏ ဦးကင်းကို လက်တော်ဖြင့် သပ်လျက် "ဆင်မြတ် နာဠာဂိရိ၊ သင်သည် ယနေ့မှစ၍ ကြမ်းတမ်း

ရန့်ရင်းခြင်းကို မပြုလင့်၊ လူတို့အား သတ်ဖြတ် ညှဉ်းဆဲခြင်းကို မပြုလင့်၊ မေတ္တာစိတ်ကိုသာ များစွာ ပွားစေလော့၊ မေတ္တာမပွား သူ့အား နှိပ်စပ် ဖျက်ဆီးတတ်သော သတ္တဝါတို့သည် လူ့ရွာဘဝ၊ မျက်မှောက် ဘဝ၌ များလှသော ဘေးရန်တို့ကိုလည်း ကြုံတွေ့တတ်၏။ ဘဝ ပြောင်းသော် ဆင်းရဲသောဘဝ အပါယ်လေးဝ၌သာ ကာလရှည်ကြာ ခံရပေသည်" စသည်ဖြင့် တရားဟောပြော ဆုံးမတော်မူသည်။

ဘုရားရှင်၏ တရားတော်ကို နာကြားရသော နာဠာဂိရိဆင် လည်း သဒ္ဓါပွားလျက် ချမ်းမြေ့ ကြည်လင်သွားသည်။ ဘုရားခြေတော် ကို ဦးတိုက်၍ နှာမောင်းဖြင့် ပိုက်ထွေးသည်။ ခြေတော်ရင်း၌ရှိသော မြေကိုယူ၍ မိမိဦးခေါင်း၌ ကြဲဖြန့်ပြီးလျှင် သရဏဂုံ ပဉ္စသီကို ယူလေ သည်။

ထိုအခါ ရာဇဂြိုဟ် ပြည်သူ၊ ပြည်သားတို့လည်း အားရဝမ်းသာ ဟစ်ကြွေး၍ ကောင်းချီးပေးကြသည်။ အနီးသို့လာ၍ ရတနာ ခုနစ်ပါး တို့ဖြင့် ကြဲမြှောက် ပူဇော်ကြသည်။ ကြဲမြှောက်သဖြင့် စုပုံနေကြသော ရွှေ၊ ငွေ၊ ကျောက်သံ ရတနာတို့သည် နာဠာဂိရိဆင်၏ ကိုယ်အလုံးကို ဖုံးလွှမ်းမိလေသည်။ ထိုအခါမှစ၍ နာဠာဂိရိဆင်လည်း "ဓနပါလ" ဟု အမည်တွင်လေသည်။

ထိုဆင်မင်းအား တရားဟောရာတွင် အနီးဝန်းကျင်မှ ကြားနာ ရသော ပရိသတ်တို့သည်လည်း အကျွတ်တရား ရကြလေသည်။ နာဠာဂိရိဆင်သည် ဘုရားရှင်၏ ခြေတော်ကို ပူဇော် ဦးခိုက်လျက် နောက်ဆုတ်၍ သွားပြီးလျှင် မိမိ တင်းကုပ်သို့ ဝင်လေသည်။ မည် သည့် သတ္တဝါကိုမျှ ညှဉ်းဆဲခြင်းမပြု။ လိမ္မာ ယဉ်ကျေးစွာ နေလေ သည်။ ဤသည်လျှင် ဘုရားရှင်၏ တတိယ အောင်ခြင်းပေတည်း။

ဘုရားရှင်သည် ထိုနေရာတွင် ရပ်တော်မူကာ ပူဇော်သမျှသော ဤရတနာတို့သည် ဥစ္စာရှင်တို့ လက်သို့သာ ရောက်စေသော်ဟု အဓိဋ္ဌာန် ပြုသည်။ ယင်းသို့ အဓိဋ္ဌာန်ပြုသည့်အတိုင်းပင် ရတနာတို့သည်

သက်ဆိုင်ရာ ဥစ္စာရှင်တို့လက်သို့ ပြန်ရောက်လေသည်။ ဘုရားရှင်လည်း ဆက်လက်၍ ဆွမ်းခံ ကြွတော်မမူဘဲ ကျောင်းတော်သို့ ပြန်ခဲ့လေသည်။ ပြည်သူ၊ ပြည်သားတို့လည်း ကျောင်းတော်သို့သွား၍ များစွာသော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် ကပ်လှူ ပူဇော်ကြလေသည်။

**ကျမ်းကိုး**

(၁) ဓိနတ္ထပကာသနီကျမ်း (ကျီးသဲလေးထပ် ဆရာတော်)

(၂) မြန်မာ့စွယ်စုံကျမ်း (အတွဲ-၁၅)

## ၄။ အဂ္ဂိလိမာလကို အောင်ခြင်း

အင်္ဂုလိမာလ၏ အမည်အရင်းမှာ အဟိံသက ဖြစ်သည်။ သူ၏ဖခင်သည် သာဝတ္ထိပြည်ကြီးကို အစိုးရသော ပသေနဒီ ကောသလမင်း၏ ပုရောဟိတ် ပုဏ္ဏားကြီး အန္တက ဖြစ်သည်။ မိခင်မှာ မန္တာနီပုဏ္ဏေးမ ဖြစ်သည်။

အဟိံသကကို ဖွားမြင်သည့်ညဉ့်၊ ဖွားဆဲခဏ၌ သာဝတ္ထိပြည်အားလုံး၌ရှိသော လေး၊ မြား၊ ဓား၊ လှံ၊ သံလျက်၊ ခက်ရင်း စသော လက်နက်တို့သည် တစ်ပြိုင်နက် အလျှံပြောင်ပြောင် တောက်ပကုန်၏။ မင်းကြီး၏ အိပ်ရာဘေး၌ထားသော လက်စွဲတော် မင်္ဂလာသန်လျက်သည်လည်း အလျှံပြောင်ပြောင် တောက်ပ၏။

ဖခင်ပုဏ္ဏားကြီးသည် သားဖွားသည့်အခိုက် ကောင်းကင်နက္ခတ်ကို ကြည့်သော် ခိုးသူနက္ခတ် ယှဉ်သည်ကို မြင်လေသည်။ ပုဏ္ဏားကြီးလည်း မိမိ၌ အန္တရာယ် မရှိစေလိုသဖြင့် နံနက်လင်းလျှင် လင်းချင်း မင်းကြီးထံသို့ အကျိုးအကြောင်း သွားရောက် လျှောက်ထားသည်။

ထိုအခါ မင်းကြီးက "ဤသူငယ်သည် တစ်ယောက်တည်းသော ခိုးသား ဖြစ်အံ့လော၊ သို့တည်းမဟုတ် ခြွေရံအများနှင့် စုပေါင်းကာ နိုင်ငံကို ပုန်ကန်သော ခိုးသား ဖြစ်အံ့လော" ဟု မေးသည်။



အင်္ဂုလိမာလကိုဆောင်ခြင်း

ပုဏ္ဏားကြီးက "အရှင်မင်းကြီး ဤသူငယ်သည် တစ်ယောက်တည်းသော ခိုးသားသာ ဖြစ်လိမ့်မည်၊ ဤသူငယ်ကို အရှင်မင်းကြီး အလိုရှိရာ ပြုတော်မူပါ" ဟု အပ်နှံ၏။

မင်းကြီးလည်း "တစ်ယောက်တည်းသော ခိုးသားဖြစ်မူ ငါမစွဲ၊ ဂရုမပြု၊ စပါးတစ်သိန်း ထွက်သောလယ်၏ အတွင်း၌ တစ်နံ့တည်းသော အဖျင်းသီးသကဲ့သို့ ဖြစ်ရသည် မဟုတ်လော၊ စိုးရိမ်ရန်မရှိ၊ သင့်သားကို ကောင်းမွန်စွာလျှင် ကျွေးမွေး စောင့်ရှောက်ပါလော့" ဟု ဆိုလေသည်။

ဤသို့ဖြင့် ပုဏ္ဏားကြီး ဇနီးမောင်နှံသည် သားငယ်ကို ကောင်းစွာ မွေးမြူ၍ စောင့်ရှောက်လာခဲ့သည်။ အမည်မှည့်မည့်နေ့သို့ ရောက်သောအခါ "ဤသူငယ်သည် ငါတို့၏ အမျိုးအနွယ်ကို မညှဉ်းဆဲလတ္တံ့" ဟူသော ပုဗ္ဗနိမိတ်ကိုယူ၍ အဟိံသက ဟူသော အမည်ကို မှည့်၏။

အဟိံသကသည် အရွယ်သို့ ရောက်လတ်သော တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာထံ၌ တပည့်ခံ၍ အတတ်ပညာ သင်ယူလေသည်။ စင်စစ် သူသည် စိတ်ကောင်း နှလုံးကောင်းရှိသူ ဖြစ်သည်။

ဆရာကို ချစ်ခင် ရိုသေသည်။ ကျိုးနွံသည်။ လေးစား ချစ်ခင်ဖွယ်ကောင်းသော အမူအကျင့်နှင့် ပြည့်စုံသည်။ လုံ့လဝီရိယလည်း ရှိသည်။ တစ်နေ့တစ်ရက်မျှ မပြတ်အောင် အတတ်ပညာကိုလည်း နာယူ မှတ်သားသည်။

အဟိံသက ရောက်သည်မှစ၍ အခြားသော တပည့်တို့သည် ဆရာ့ကိစ္စကို ဆောင်ရွက်ခွင့်မရ။ အဟိံသက ကသာ အားလုံး ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးသည်။

ဆရာလည်း အဟိံသကအား သားအရင်းကဲ့သို့ ချစ်ခင်လေးမြတ်သည် ဖြစ်၍ အတတ်အမျိုးမျိုးကို သင်ပေးသည်။ ဤတွင် အဟိံသကသည် သူတစ်ပါးထက် ကဲလွန်၍ တတ်မြောက်၏။

ထိုအခါ တပည့်အချို့သည် ဝန်တိုစိတ် ဖြစ်လာကြသည်။ အဟိံသကနှင့် ဆရာ ကွဲပြားအောင် ယုတ်မာသော အကြံကို ကြံစည်ကြသည်။ "အဟိံသကသည် ဆရာ၏ မယားနှင့် ဖောက်ပြန်နေပြီ" ဟူ၍ ဆရာ့ကို ကုန်းချောကြသည်။

ဤသို့ အကြိမ်ကြိမ် ကုန်းချောစကား ပြောပါများသော ဆရာသည် နားယောင်လာသည်။ စူးစမ်း ဆင်ခြင်ခြင်း မပြု။ အဟိံသကကို အထင်လွဲမှားလေတော့သည်။ ထို့ကြောင့် အဟိံသကကို သတ်ရန် ကြံစည်လေတော့သည်။

သို့ရာတွင် မိမိထံ အတတ်သင်လာသော တပည့်ကို သတ်သည် ဟူသော သတင်းသည် လူကြား၍မလျော်ဟု ဆင်ခြင်မိသည်။ အဟိံသက ကို ဥပါယ်တံမျဉ်ဖြင့် သေစေရန် ကြံစည်လေသည်။

ဆရာမိုက်သည် တပည့်လိမ္မာအား ခေါ်ယူ၍ "တပည့် အဟိံသက၊ ငါ့အား လူတို့၏ လက်ညှိုးတစ်ထောင်ဖြင့် ပူဇော်ပါ၊ ပညာအားလုံးကို အကြွင်းမထား၊ တတ်သိသမျှသော အတတ်ဟူသရွေ့ကို လွန်ကဲ ထူးမြတ်စွာ သင်ပေးမည်" ဟု ဆို၏။

အဟိံသကသည် ဆရာ၏ အကြံကို မရိပ်မိ။ မသိရှိ။ ဆရာ စေခိုင်းတိုင်း ပြုမည်ဟု ဆုံးဖြတ်လိုက်သည်။ သို့ဖြင့် လက်နက် ငါးပါး ကို ယူ၍ ဆရာကို ရှိခိုးကာ တောအုပ်သို့ ဝင်သည်။ တွေ့သမျှသော ခရီးသွား မိန်းမ၊ ယောကျ်ားတို့ကို ဖမ်း၍ သတ်သည်။

တစ်ဦးစီ၏ လက်ညှိုး နှစ်ချောင်းစီကို ဖြတ်၍ယူသည်။ ရရှိ သော လက်ချောင်းများကို မရေမတွက်၊ သစ်ရွက်၊ သစ်ခွ စသည်တို့၌သာ စုထားလေသည်။

ထိုအခါ လက်ညှိုးတို့ကို ကျီး ငှက် စသည်တို့ စားကြသဖြင့် ပျောက်ပျက်ကုန်ကြသည်။ ဤတွင် အဟိံသကသည် နောက်ထပ် ရသမျှသော လက်ညှိုးများကို ဖောက်၍ ကြိုးဖြင့် သီကုံးကာ လည်၌ ပန်းကုံးသဖွယ်ပြု၍ ဆောင်ထား၏။ ဤသို့ လက်ညှိုးတို့ကို ပန်းကုံး

ကဲ့သို့ လည်တွင် ဆွဲထားသည်မှ အစပြု၍ အဟိံသက ဟူသော အမည် ပျောက်၍ 'အင်္ဂုလိမာလ' ဟူသော အမည်တွင်လေသည်။

တောအုပ်၌ အင်္ဂုလိမာလ နှောင့်ယှက်ဖန်များသော် လူတို့သည် တောသို့ မသွားဘဲ နေကြ၏။ ထိုအခါ အင်္ဂုလိမာလသည် ရွာတွင်းသို့ ဝင်၍ လူတို့ကို သတ်ပြန်၏။ ရွာနေသူတို့လည်း နိဂုံးဇနပုဒ်သို့ ရွှေ့နေကြပြန်၏။ အင်္ဂုလိမာလသည် နိဂုံးဇနပုဒ်သို့ဝင်၍ သတ်ပြန်၏။ နိဂုံးဇနပုဒ် နေသူတို့လည်း မြို့၌ ပေါင်းဆုံ စုဝေးနေလာကြ၏။

တစ်ဖန် မြို့၌နေသော သူတို့သည်လည်း အိမ်တို့ကိုစွန့်၍ သားမြေးတို့ကို လက်ဆွဲလျက် သာဝတ္ထိမြို့ကို လာကြသည်။ သာဝတ္ထိမြို့ကို ရံ၍ သစ်ခက်တဲတို့ကို ဆောက်၍ နေပြီးနောက် မင်းရင်ပြင်၌ စည်းဝေးကြသည်။ ဘုရင်ကြားအောင် အင်္ဂုလိမာလ အကြောင်း မည်တမ်း ဟစ်ကြွေးကြကုန်၏။

ကောသလမင်းသည် အလွန် ထိတ်လန့်သွားသည်။ သူကိုယ်တိုင် မဖမ်းဝံ့။ သို့သော် ပြည်သူ ပြည်သားတို့ နှလုံးသက်သာရာ ရစိမ့်သောငှာ နောက်တစ်နေ့တွင် "မြင်းစီးသူရဲ ၅၀၀ ဖြင့် အင်္ဂုလိမာလကို ဖမ်းယူမည်" ဟု နှစ်သိမ့် ပြောဆိုလိုက်လေသည်။

ထိုအကြောင်းကို အင်္ဂုလိမာလမိခင် မန္တာနီပုဏ္ဏေးမကြီးသည် ခင်ပွန်းသည် ပုဏ္ဏားကြီးထံမှတစ်ဆင့် ကြားသိသွားသည်။ ထိုအခါ မိမိသား ဘေးဖြစ်မည်ကို စိုးရိမ်မိသည်။ မိခင်၏ ချစ်ခြင်းဖြင့် သားကို ခေါ်ရန် တိတ်တဆိတ် ထွက်ခဲ့လေသည်။

ထိုအချိန်၌ မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူသည်။ ဘုရားသည် လောကကို ကြည့်တော်မူသော် အင်္ဂုလိမာလ၏ ဥပနိဿယ သမ္ပတ္တိကို မြင်တော်မူ၏။ "ငါဘုရား ကြွသွားသည်ရှိသော် ထိုခိုးသူသည် ချမ်းသာခြင်း ဖြစ်ပေလတ္တံ့၊ ရွာမဟုတ်သော တော၌ နေလျက်ပင် ဂါထာလေးပုဒ်ကို ကြားနာရရုံမျှဖြင့် ငါဘုရား၏ထံ၌ ရဟန်းပြုလိမ့်မည်။ ခြောက်ပါး

သော အဘိညာဉ်တို့ကို ဖျက်မှောက်ပြုရလိမ့်မည်။ အကယ်၍ ငါဘုရား မကြွသွားသော အမိကို ပြစ်မှားသတ်မိကာ သံသရာဝဋ်ဒုက္ခမှ မလွတ်မြောက်နိုင်။ မည်သို့မျှ မထုတ်ဆောင် မကယ်နိုင်သည့် ဘဝကို ရောက်ပေတော့မည်။ ထိုခိုးသူကို ငါဘုရား ကယ်တင်အံ့" ဟု ဆင်ခြင်တော်မူသည်။

သို့ဖြင့် သပိတ်၊ သင်္ကန်းကို ပြင်၍ သာဝတ္ထိမြို့တွင်း ဆွမ်းခံဝင်တော်မူ၏။

ဆွမ်းခံပြီးသော် တစ်ပါးတည်းသာလျှင် အင်္ဂုလိမာလ ရှိရာ တောအုပ်သို့ ရှေးရှု ကြွတော်မူ၏။

ထိုနေ့၌ပင် အင်္ဂုလိမာလသည် လည်၌ ဆွဲထားသော လက်ညှိုးများကို ရေတွက်ကြည့်သည်။ တစ်ထောင်ပြည့်ရန် တစ်ချောင်းသာ လိုကြောင်း တွေ့ရှိရသည်။ ထိုနေ့အဖို့ ရှေးဦးစွာ မြင်သောသူ တစ်ယောက်ယောက်ကို မရရအောင် သတ်မည်။ လက်ညှိုးအရေအတွက် တစ်ထောင်ပြည့်အောင် ဖြည့်ပြီးသော် ဆရာကို ပူဇော်မည်။ ကြီးမြတ်သော အတတ်ကို လျှင်စွာသင်ပြီးလျှင် မိခင်၊ ဖခင်တို့ထံ ပြန်တော့အံ့ဟု ကြံသည်။ တောအုပ်လယ်မှထွက်၍ တစ်ခုသောနေရာ၌ ပုန်းကွယ်၍ စောင့်နေသည်။

ထိုစဉ် မိခင်ဖြစ်သော မန္တာနီပုဏ္ဏေးမသည် တောအနီးသို့ ရောက်လာသည်။ "ချစ်သား အဟိံသက ... ကောသလမင်းကြီးသည် ယနေ့ပင် မောင့်ကို ဖမ်းယူရန် မြင်း ၅၀၀–ဖြင့် ထွက်လာလိမ့်မည်။ ငါ့သား သတ်ဖြတ်ခြင်း ခံရတော့မည်။ မိခင်ထံသို့ အမြန်လာခဲ့လော့" ဟု ဟစ်အော်၍ လာ၏။

အင်္ဂုလိမာလကလည်း မိခင်၏ အော်သံကို မကြားရသေး။ အဝေးက မိန်းမတစ်ယောက် လာနေသည်ဟုသာ ထင်မှတ်သည်။ ထို့ကြောင့် ဤမိန်းမကို သတ်၍ လက်ညှိုးကို ဖြတ်ယူအံ့ဟု ကြံလျက် စောင့်နေ၏။

ထိုစဉ် မြတ်စွာဘုရားသည် အင်္ဂုလိမာလနှင့် မိခင်၏ အကြားသို့ စကြံ့ ကြွလာတော်မူသည်။ အင်္ဂုလိမာလလည်း မထင်ရှားသော အသွင်ဖြင့် ကြွလာသော မြတ်စွာဘုရားကို မြင်လျှင် "ဤရဟန်းကိုပင် သတ်တော့အံ့" ဟု ကြံလျက် ပုန်းကွယ်ရာမှ လျင်စွာ ထွက်လာ၏။

မြတ်စွာဘုရားသည် အင်္ဂုလိမာလ မမီစိမ့်သောငှာ တန်ခိုးတော်ဖြင့် ရေညွန်ကို လည်းကောင်း၊ ချောက်ကမ်းပါးပြတ်ကို လည်းကောင်း၊ သုံးယူဇနာတိုင်အောင် ဖန်ဆင်း၍ ကြွတော်မူ၏။

အင်္ဂုလိမာလသည် ရေကို ကူး၍ လိုက်၏။ ညွန်ကို ရုန်း၍ လိုက်၏။ ချောက်ကိုဆင်း၍ လိုက်၏။ တောင်ကို တက်၍ လိုက်၏။ မည်သို့ပင် လိုက်သော်လည်း ဘုရားရှင်ကို မမီနိုင်။ အလွန် မောပန်းလှသဖြင့် "အရှင်ရဟန်း ... ရပ်ဦးလော့ ... ရပ်ဦးလော့" ဟုဆို၍ တား၏။

ထိုအခါ ဘုရားရှင်က "အင်္ဂုလိမာလ ... ငါကား ရပ်၏။ သင်သာလျှင် မရပ်ပေ" ဟုဆို၏။

"အသင်ရဟန်း ... သင်သည် မတန့်မနား သွားလျက် ရှိသည်ကိုပင် 'ငါ ရပ်၏။ သင်ကား မရပ်' ဟု အဘယ့်ကြောင့် ဆိုပါသနည်း၊ စင်စစ် ရပ်နေသူမှာ အကျွန်ုပ်သာ ဖြစ်သည်၊ မုသာဝါဒသည် ရဟန်းတို့၏ အလေ့အထပင်လော"

"အချင်း အင်္ဂုလိမာလ၊ ငါသည် အလုံးစုံသော သတ္တဝါတို့ကို နှိပ်စက် ညှဉ်းဆဲခြင်း မပြု၊ ပါဏာတိပါတ စသော မကောင်းမှု ဒုစရိုက်တို့ကို မလိုက်စား၊ ကြဉ်ရှောင်ရှားသည်သာ ဖြစ်၏။ အပါယ်လားခြင်း မရှိ၊ သုဂတိဘဝတို့၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်၌သာ ရပ်တည်နေ၏။ ထို့ကြောင့် ငါကား ရပ်သောသူ မည်၏။ သင်ကား ဒုစရိုက်တရားတို့ကို များစွာပြုလေ့ ရှိသည်။ သတ္တဝါ ခပ်သိမ်းတို့ကို သနားချစ်ခင်ခြင်း မရှိ၊ ဓား၊ လှံစသော လက်နက်ဖြင့် ထိုးခုတ်သတ်ပုတ် ညှဉ်းဆဲခြင်းပြုသူ ဖြစ်သည်။ သူတော်ကောင်း တရား၌ မတည်။ ထို့ကြောင့် သင်သည် မရပ်ဟု ငါဆိုသည်"

ဤသို့ ဘုရားရှင်၏ ရဲရင့်တည်ကြည်သော စကားကို ကြားရသောအခါ အင်္ဂုလိမာလသည် အံ့ချီးမဆုံး ရှိသွားသည်။ "ဤရဟန်း၏ စကားသည် အနှစ်သာရ ရှိလှပေသည်။ ဤကဲ့သို့သော် စကားကို ဆိုတတ်ပေသော သူကား လူသာမည မဟုတ်။ သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာစံဒေဝီ မဟာသီမိဖုရားကြီး မဟာမာယာ၏ သားတော် ဘုရား ဆိုသောပုဂ္ဂိုလ် ဖြစ်ပေရာသည်။ ရှင်တော်ဘုရားသည် ငါ သူတော်ကောင်း တရား၌ မတည်သည်ကို မြင်တော်မူပြီး ငါ့ကို သနား တော်မူလှ၍ ဤတောကြီး မြိုင်ဝနာကို ကြွလာတော်မူပေသည်" ဟု မှတ်ယူလိုက်သည်။

ဘုရားရှင်ကို အလွန်ကြည်ညို မြတ်နိုးလှရကား ရှေ့တော်၌ ဝပ်လျက် ရှိသေကျိုးနွံစွာ ရှိခိုးသည်။

"အရှင်သူမြတ်သည် အကျွန်ုပ်အား သနားချီးမြှောက်တော် မူပါ။ ယုတ်မာသောအကျင့် ဟူသမျှကို အကျွန်ုပ် ပယ်ချပါတော့မည်" ဟု လျှောက်ကြား၏။

ထို့နောက် သူသည် လည်၌ဆွဲထားသော လက်ညိုးများကို လည်းကောင်း၊ လက်နက် ငါးပါးကို လည်းကောင်း အနီးရှိ ချောက် ကမ်းပါးပြတ်၌ စွန့်ပစ်လိုက်လေသည်။ ဘုရားခြေတော် အစုံကို ရိုသေ စွာ ဦးတိုက် ရှိခိုးသည်။ "ဘုန်းတော်ကြီးသော အရှင်ဘုရား ... အရှင် ဘုရားသည် အကျွန်ုပ်ကို ရဟန်းပြုပေးတော်မူပါလော့" ဟု တောင်းပန် ၏။

မြတ်စွာဘုရားသည် လက်ယာ လက်မောင်းတော်ကို ဆန့်၍ "ဧဟိ ဘိက္ခု သမ္မာစရထ" အစရှိသဖြင့် ခေါ်တော်မူသည်။ ထိုအခါ အင်္ဂုလိမာလ၏ ဆံမုတ်ဆိတ်၊ လူဝတ်ပုဆိုးတို့ကို ကွယ်လေ၍ သပိတ်၊ သင်္ကန်း စသော ရဟန်း ပရိက္ခရာရှစ်ပါးနှင့် ပြည့်စုံလေသည်။

အင်္ဂုလိမာလသည် ဝါတော် ခြောက်ဆယ် ရှိပြီးသော မထေရ် ကြီးကဲ့သို့ မြတ်စွာဘုရားကို ဦးညွတ်ရှိခိုးလျက် ပဥ္စင်းရဟန်း ဖြစ်လာ လေသည်။

အင်္ဂုလိမာလသည် ရဟန်းဖြစ်ပြီးနောက် မြတ်စွာဘုရား၏ နောက်လိုက် အလုပ်အကျွေးအဖြစ် သပိတ်၊ သင်္ကန်းတို့ကိုယူ၍ ဇေတဝန်ကျောင်းတော်သို့ လိုက်ပါသွား၏။ ထိုသို့ အင်္ဂုလိမာလထေရ်ကို ဒဏ်ဖြင့် လည်းကောင်း၊ လက်နက်ဖြင့် လည်းကောင်း မကျူမဖက် သက်သက် ယဉ်ကျေးအောင် ဆုံးမနိုင်ခြင်းသည် ဘုရားရှင်၏ အောင်ခြင်းရှစ်ပါးအနက် တစ်ပါး အပါအဝင် ဖြစ်ပေသည်။

အင်္ဂုလိမာလ မိခင်လည်း တောအုပ်တစ်လျှောက်ရှိ သားကို ခေါ်ယူမည်တမ်း၍ လှည့်လည်ရှာဖွေ မရသဖြင့် အိမ်သို့ ပြန်လေသည်။ ပသေနဒီ ကောသလမင်းကြီး မှုကား အခြံသူတို့ ကဲ့ရဲ့မည်စိုးသောကြောင့် အင်္ဂုလိမာလကို ဖမ်းရန် ထွက်ကြွခဲ့သည်။ သို့သော်လည်း အင်္ဂုလိမာလနှင့် ရင်ဆိုင်ရမည်ကို ရွံ့ကြောက်သဖြင့် တောအုပ်သို့ တိုက်ရိုက်မသွားသေး။ ဇေတဝန်ကျောင်းတော်သို့ ဘုရားရှင်၏ အမိန့်တော်ကို နာယူရန် အလျင်ဝင်လေသည်။

ထိုအချိန်၌ အင်္ဂုလိမာလ ရဟန်းသည် မြတ်စွာဘုရား အနီး၌ ထိုင်နေလေသည်။ ဘုရားရှင်လည်း မင်းကြီးအား အင်္ဂုလိမာလ၏ အဖြစ်မှန်ကို ပြောကြားတော်မူ၍ "ထိုသူသည် အင်္ဂုလိမာလ ခိုးသူပင်တည်း" ဟု ညွှန်ပြသည်။

မင်းကြီးသည် မယုံနိုင်အောင် ဖြစ်သွားသည်။ ကြောက်ရွံ့တုန်လှုပ်သွားသည်။ မင်းကြီး၏ နောက်ပါ အခြွေအရံများသည်လည်း ထိတ်လန့် ကြောက်ရွံ့ကြသဖြင့် လက်နက်တို့ကိုချကာ ပြေးကြလေသည်။

ထိုအခါ ဘုရားရှင်က မင်းကြီးအား "ဒကာတော်မင်းကြီး၊ မကြောက်ရွံ့လေနှင့်၊ အင်္ဂုလိမာလသည် သင်တို့အား မည်သည့်ဘေးရန်ကိုမျှ ပြုလိမ့်မည်မဟုတ်" ဟု မိန့်တော်မူ၏။

ထိုအခါတွင်မှ မင်းကြီးသည် ကြောက်ရွံ့ခြင်း ကင်းပျောက်သွားသည်။ အင်္ဂုလိမာလထံ ချဉ်းကပ်ပြီးလျှင် ပစ္စည်းလေးပါး လှူဒါန်းထောက်ပံ့လိုကြောင်း လျှောက်ထားသည်။

အင်္ဂုလိမာလထေရ်က အရညကင်ဓုတင်၊ ပိဏ္ဍပါတိတ်ဓုတင်၊ ပံ့သကူဓုတင်၊ တိစီဝရိက် ဓုတင်တို့ ဆောက်တည်သည် ဖြစ်သော ကြောင့် မည်သည့်ပစ္စည်းမျှ မလို၊ ပြည့်စုံပြီဖြစ်ကြောင်း မိန့်တော်မူ သည်။ မင်းကြီးသည် အင်္ဂုလိမာလထေရ်၏ ကြည်ညိုဖွယ်ရှိပုံကို အံ့မဆုံး ဖြစ်မိသည်။ ဘုရားရှင်အား ကန်တော့ကာ ကျောင်းတော်မှ ထွက်ခဲ့လေသည်။

အင်္ဂုလိမာလထေရ်ကို အကြောင်း မသိကြသေးသူများကမူ မြင်ရုံဖြင့် ထိတ်လန့် ထွက်ပြေးကြကုန်၏။ သာဝတ္ထိမြို့တွင်း ဆွမ်းခံ ကြွလာသည်ကို မြင်သော အိမ်တံခါးကို ပိတ်၍ နေကြကုန်၏။ အင်္ဂုလိ မာလ မထေရ်သည် ဆွမ်းကောင်းစွာ မရရှိပေ။

တစ်နေ့သ၌ အင်္ဂုလိမာလ ထေရ်သည် ဆွမ်းခံထွက်ရင်း အိမ် တစ်အိမ်၌ မီးမဖွားနိုင်သော မိန်းမငယ် တစ်ယောက်ကို မြင်သည်။ "ပင်ပန်းဆင်းရဲပေစွ" ဟု စိတ်၌ ဖြစ်ပေါ်မိ၏။ ညဦးအခါ၌ မြတ်စွာ ဘုရားထံသို့ ချဉ်းကပ်၍ တွေ့ရှိခဲ့ရပုံကို လျှောက်ထား၏။ ဘုရားရှင် လည်း အင်္ဂုလိမာလထေရ်ကို လူတို့ ကြောက်ရွံ့ ကြဉ်ရှောင်သဖြင့် ဆွမ်းအခက်အခဲ ကြုံရပုံကို သိပြီးဖြစ်သည်။ ထို့ကြောင့် မီးမဖွားနိုင်သူ အမျိုးသမီးများအား အင်္ဂုလိမာလထေရ်က ချမ်းသာအောင် လက်တွေ့ ကူညီ ဆောင်ရွက်ပေးနိုင်ပါက မထေရ်ကို မှီဝဲ ဆည်းကပ်ကြလိမ့်မည်၊ ဆွမ်းအာဟာရ ပြည့်စုံပေလိမ့်မည်ဟု ဆင်ခြင်တော်မူမိသည်။

သို့ဖြင့် အင်္ဂုလိမာလထေရ် သစ္စာပြု ရွက်ဆိုရန်–

"ယတောဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော၊

နာဘိ ဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊

တေန သစ္စေန သောတ္ထိ တေ ဟောတု၊ သောတ္ထိဂဗ္ဘဿ" ဟူ

သော ပရိတ်တော်ကို သင်ပေးတော်မူလေသည်။

အဓိပ္ပာယ်ကား "ငါသည် အကြင်အခါမှစ၍ အရိယာဇာတိ ဖြစ် ၏။ ထို အရိယာဇာတိ ဖြစ်သောအခါမှစ၍ သေစေလိုသော စေတနာ

ဖြင့် စေ့ဆော်၍ သတ္တဝါတို့၏ အသက်ကို မသတ်ခဲ့၊ ထိုသို့ မှန်သော စကားကြောင့် အသင်ချစ်နှမအား ချမ်းသာခြင်းသည် ဖြစ်ပါစေသတည်း၊ ကိုယ်ဝန်၏ ချမ်းသာခြင်းသည် ဖြစ်ပါစေသတည်း" ဟူ၍ ဖြစ်ပေသည်။

ထိုနေ့မှစ၍ အင်္ဂုလိမာလသည် မီးမဖွားနိုင်ဘဲ ပင်ပန်း ဆင်းရဲနေသော မိန်းမကို ကြုံတွေ့ပါက ထိုမိန်းမထံသွားသည်။ အကာအရံ အပြင်ဘက်မှနေ၍ ထိုပရိတ်တော်ကို ရွတ်ဆိုကာ သစ္စာပြုလိုက်သည်။ ထိုအခါ ထိုမိန်းမသည် ကောင်းစွာ မီးဖွားနိုင်လေတော့သည်။

နောင်အခါ၌ အင်္ဂုလိမာလထေရ် သစ္စာပြုသော နေရာ၌ အင်းပျဉ်ကို ခင်းထားကုန်၏။ မီးမဖွားနိုင်သော မိန်းမတို့ကို ထို အင်းပျဉ်၌ အိပ်စေရုံဖြင့် ချမ်းသာစွာ မီးဖွားနိုင်၏။ အင်းပျဉ်အထိ မလာနိုင်လောက်အောင် အားနည်းသော မိန်းမတို့ကိုမူ အင်းပျဉ်ဆေးရည်ဖြင့် ဦးခေါင်းမှ သွန်းလောင်းပေးရုံဖြင့် ကောင်းစွာ မီးဖွားနိုင်၏။ ထိုအခါမှစ၍ "အရှင်အင်္ဂုလိမာလသည် တန်ခိုးကြီးပေစွ" ဟု ဆိုကာ ဆွမ်းစသည်တို့ လှူဒါန်း ပူဇော်ကြကုန်၏။

အင်္ဂုလိမာလထေရ်သည် ဤသို့ဖြင့် ဆွမ်းအာဟာရ ပြည့်စုံလာသည်။ ရဟန်းတရားကို ကြိုးစား အားထုတ်လာနိုင်သည်။ မကြာမီ ရဟန္တာ အဖြစ်သို့ ရောက်ရှိသွားသည်။

တစ်နေ့သောအခါ အင်္ဂုလိမာလထေရ်သည် မြို့တွင်းသို့ ဆွမ်းခံဝင်သည်။ လူအချို့သည် တစ်စုံတစ်ခုကို ခဲဖြင့်ပစ်ကြသည်။ မထေရ်၏ ကိုယ်ကို ခဲများ ထိမှန်သည်။ မထေရ်၏ ဦးခေါင်းကွဲ၍ သွေးတို့ ယိုစီးလေသည်။

ထိုအချင်းအရာကို ဘုရားရှင်မြင်သော် "ချစ်သား သည်းခံလော့၊ အသင်ပြုခဲ့သော မကောင်းမှုကံ၏ အကျိုးဆက်တို့သည် အထောင်မက များပြားလှစွာသော နှစ်တို့ပတ်လုံး ငရဲ၌ ခံစားခဲ့ပေရာသည်။ ယခုမူ သင် အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပြီဖြစ်၍ ထိုသို့ မခံစားရတော့၊ ထို

က်၏ အကျိုးကို ယခု မျက်မှောက် ပစ္စုပ္ပန်ဖြစ်သော ကိုယ်အတ္တဘော ၌သာလျှင် ခံစားရလေသည်" ဟု မိန့်တော်မူ၏။

အင်္ဂုလိမာလ မထေရ်သည် စိတ်ကွယ်ရာသို့ ကပ်၍ တစ်ယောက်တည်း နေလျက် ကာလဝိမုတ္တိချမ်းသာကို ခံစားတော်မူ၏။ သို့ ခံစားရာမှ "အကြင်သူသည် ဘဝရှေ့ပိုင်း၌ မေ့မေ့လျော့လျော့ နေခဲ့ပြီးလျှင် နောက်ပိုင်းတွင်ကား မမေ့လျော့တော့ချေ။ တိမ်တိုက်မှ လွတ်လာသော လဝန်းကဲ့သို့ ထိုသူသည် ဤလောကကို ထွန်းလင်း တောက်ပစေ၏" စသည်ဖြင့် ဥဒါန်းကျူးရင့်တော်မူပြီးနောက် ပရိ နိဗ္ဗာန် ပြုတော်မူလေသည်။


ကျမ်းကိုး

(၁) ဓိနတ္ထပကာသနီကျမ်း (ကျီးသဲလေးထပ် ဆရာတော်)

(၂) တထာဂတ ဥဒါနဒီပနီ (တတိယတွဲ) (ဒီပဲယင်း ဆရာတော်)

(၃) ထေရီထေရာ ရဟန္တာပုဂ္ဂိုလ်ကြီးများ (ဝဏ္ဏသီရိ)

(၄) မြန်မာ့စွယ်စုံကျမ်း (အတွဲ- ၁၂)



## ၅။ စိဥ္စမာဏ မိန်းမပိုက်ကို အောင်ခြင်း

မြတ်စွာဘုရားသခင်သည် တာဝတိံသာ နတ်ပြည်၌ ခုနစ်ဝါမြောက် ဝါဆိုတော်မူသည်။ ထို့နောက် သင်္ကာသနဂိုရ်ပြည်သို့ သက်ဆင်းတော်မူကာ သာဝတ္ထိပြည်သို့ ကြွတော်မူသည်။ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်။ ထိုစဉ် စိဥ္စမာဏဝိကာ အမည်ရှိသော ပရိဗိုဇ်မ၏ ရန်ပြုခြင်းကို ခံရသည်။

မြတ်စွာဘုရားသခင်အဖို့ ပထမဗောဓိ ခေါ်သော ဝါတော် နှစ်ဆယ်အတွင်း၌ တပည့်သာဝကများ ဒီရေအလား တစ်နေ့တခြား တိုးပွားလာသည်။ ဘုရားရှင်အား ကြည်ညိုသူ ပရိသတ်များ အထူးများပြားလာသည်။ ထိုသူတို့၏ ပူဇော်သက္ကာရပြုမှုကို ခံယူရရှိကာ အတိုင်းမသိ လာဘ်သပ္ပကာ ပေါများလာသည်။

နေမင်း ထွက်သောအခါ ပိုးစုန်းကြူးတို့ မှေးမှိန်သွားကြသကဲ့သို့ တိတ္ထိတို့မှာ မှေးမှိန်သွားကြသည်။ တန်ခိုးအရှိန်အဝါ လျော့နည်းသွားကြသည်။ လာဘ်ပူဇော်သက္ကာရများ တစ်နေ့တစ်ခြား ခေါင်းပါးလာသည်။ ဤတွင် တိတ္ထိတို့သည် ဝန်တိုစိတ် ဖြစ်လာကြကာ ဘုရားရှင် ဂုဏ်သတင်း ပျက်ရန် အားထုတ်ကြသည်။

သူတို့သည် သာဝတ္ထိပြည်ရှိ စိဥ္စမာဏ အမည်ရှိသော ပရိဗိုဇ်မကို စည်းရုံးကြသည်။ စိဥ္စမာဏသည် အလွန် ချောမော လှပသည်။

အရွယ်လည်း နုပျိုသည်။ ရုပ်အဆင်းလည်း အလွန်တင့်တယ်သည်။ ကျက်သရေ မင်္ဂလာနှင့်လည်း ပြည့်စုံသည်။

တိတ္ထိတို့သည် စိဉ္စမာဏကိုခေါ်၍ "နှမ စိဉ္စမာန် ... ငါတို့ကို ရဟန်းဂေါတမက နှိပ်စက် ညှဉ်းပန်းကာ လာဘ်လာဘ ခေါင်းပါး အောင် ပြုလုပ်နေသည်ကို သင် မသိလော" ဟု အပြစ်တင် စကား ပြောကြား၏။

စိဉ္စမာဏလည်း "အရှင်ကောင်းတို့ ... ထိုအကြောင်းကို တပည့် တော်မ မသိရပါ။ ဤကိစ္စ၌ တပည့်တော်မသည် အဘယ်သို့သော အမှုကို ပြုလုပ်ပေးရမည်နည်း" ဟု မေးမြန်း၏။

တိတ္ထိတို့က "နှမ စိဉ္စမာဏ ... သင်သည် ငါတို့၏ ချမ်းသာရေး ကို အလိုရှိပါလျှင် ရဟန်းဂေါတမ၏ မကောင်းသတင်း ဖြစ်ပေါ် အောင် ပြုပါလော့၊ ရဟန်းဂေါတမ၏ လာဘ် ပူဇော် သက္ကာရကို ပျက်ပြားစေပါလော့" ဟု ပြောဆိုကာ တာဝန်ပေးကြသည်။

စိဉ္စမာဏကလည်း "ကောင်းပါပြီ အရှင်ကောင်းတို့၊ ရဟန်း ဂေါတမ၏ မကောင်းသတင်း ဖြစ်ပေါ်စေရန် တပည့်တော်မ တာဝန်ယူ ပါသည်" ဟု ရဲရဲတောက် တာဝန်ယူစကား ပြောကြားသည်။

ထို့နောက် စိဉ္စမာဏသည် တိတ္ထိတို့ထံမှ ထွက်ခွာခဲ့သည်။ မိန်းမ မာယာတို့၌ လိမ္မာပါးနပ်သူ ဖြစ်ရကား သာဝတ္ထိပြည်သူ လူ အပေါင်းတို့ ယုံမှားသံသယ ဖြစ်စေရန် စတင် ဆောင်ရွက်သည်။ သူသည် ပိုးပရန်အသွေး နီတွေးသော အဆင်းရှိသော အဝတ်ကို ဝတ်ရုံ သည်။ နံ့သာ ပန်း စသည်တို့ကို လက်စွဲလျက် တရားနာ ပရိသတ်များ ဇေတဝန်ကျောင်းတိုက်မှ ထွက်လာကြသော အချိန်တွင် ကျောင်းတိုက်သို့ ရှေးရှုသွားသည်။

လမ်း၌တွေ့သူ လူအများက "အို ... စိဉ္စမာန်၊ ယခုအချိန်၌ သင် ဘယ်အရပ်သို့ သွားမည်နည်း" ဟု မေးကြသည်။

စိဉ္စမာဏက "ကျွန်ုပ် သွားမည့်အရပ်ကို သိသဖြင့် သင်တို့ အတွက် အဘယ်အကျိုး ရှိမည်နည်း" ဟု ထင်မှားဖွယ်ရာ စကားကို

ပြောကြားသည်။ ထို့နောက် ဇေတဝန် ကျောင်းတိုက်အနီး တိတ္ထိတို့ ကျောင်း၌ ညအိပ် နေထိုင်သည်။

သာဝတ္ထိမြို့မှ ဒါယကာ၊ ဒါယိကာမတို့သည် ဘုရားရှင်ထံ အလျှင် လက်ဦး ဖူးမြော်ရန် နံနက်စောစော သွားကြသည်။ ထိုအချိန်၌ စိဉ္စမာဏသည် တိတ္ထိကျောင်းမှ ထွက်လာခဲ့သည်။ ဇေတဝန် ကျောင်းတိုက်ဝယ် ညဉ့်အိပ်နေခဲ့သည့်ပုံ ဟန်ဆောင်၍ သာဝတ္ထိမြို့တွင်းသို့ ဝင်သည်။

လမ်း၌ တွေ့သူ လူအပေါင်းတို့က "အို ... စိဉ္စမာန်၊ အဘယ် အရပ်၌ သင် ညဉ့်အိပ်နေခဲ့သနည်း" ဟု မေးကြသည်။

"ကျွန်ုပ် အိပ်ခဲ့သည့်နေရာကို သင်တို့သိသဖြင့် အဘယ်အကျိုး ရှိမည်နည်း၊ မသိချင်ကြပါနှင့်" ဟူ၍ စိဉ္စမာဏက အထင်မှားဖွယ် စကားကို ပြောကြားလေသည်။

ဤနည်းနှင်နှင် နေ့စဉ် သွားလာ ပြောဆိုသည်။ တစ်လခန့်ကြာ သောအခါ လမ်း၌တွေ့သူ လူအများက ရှေးနည်းအတူ မေးမြန်းကြ သော် စိဉ္စမာဏက "အကျွန်ုပ်သည် ဇေတဝန် ကျောင်းတိုက်အတွင်း ဝယ် ဂန္ဓကုဋီကျောင်း တစ်ခုတည်း၌ ရဟန်းဂေါတမနှင့်အတူ ညဉ့်အိပ် နေခဲ့ရပါသည်" ဟု စွပ်စွဲစကား စတင် ပြောကြားလေ၏။

ဤသို့ဖြင့် သုံးလ၊ လေးလ လွန်သောအခါ စိဉ္စမာဏသည် ပုဆိုးကြမ်းတို့ဖြင့် ဝမ်းကို ရစ်ပတ်သည်။ မိမိကိုယ်ကို ကိုယ်ဝန်ဆောင် သော မိန်းမအသွင် ပြုသည်။ ထို့နောက် နီမြန်းသော အဝတ်ကို ဝတ်ရုံ ကာ "ရဟန်းဂေါတမကို အစွဲပြု၍ ကျွန်ုပ်သည် ကိုယ်ဝန်ရှိနေပါပြီ" ဟု စွပ်စွဲ ပြောကြားသည်။ ထိုအခါ အချို့သူတို့ ယုံမှားသံသယ ဖြစ်စ ပြုလာ၏။

ဤနည်းဖြင့် ရှစ်လ၊ ကိုးလ လွန်သောအခါ စိဉ္စမာဏသည် တစ်မျိုးဟန်ဆောင် ပြန်သည်။ သူသည် တကယ့် ကိုယ်ဝန်အရင့်အမာ ရှိနေဟန် ပြုသည်။ ဘဲဥထက်ခြမ်းပုံ သစ်သားဖုကို ဝမ်းဗိုက်၌ ကပ်၍ ကြိုးများဖြင့် ချည်နှောင်သည်။ အဝတ်ဖြင့် ပတ်သည်။ ထို၏အထက်၌

ပြောကြားသည်။ ထို့နောက် ဇေတဝန် ကျောင်းတိုက်အနီး တိတ္ထိတို့ ကျောင်း၌ ညအိပ် နေထိုင်သည်။

သာဝတ္ထိမြို့မှ ဒါယကာ၊ ဒါယိကာမတို့သည် ဘုရားရှင်ထံ အလျင် လက်ဦး ဖူးမြော်ရန် နံနက်စောစော သွားကြသည်။ ထိုအချိန်၌ စိဉ္စမာဏသည် တိတ္ထိကျောင်းမှ ထွက်လာခဲ့သည်။ ဇေတဝန် ကျောင်းတိုက်ဝယ် ညဉ့်အိပ်နေခဲ့သည့်ပုံ ဟန်ဆောင်၍ သာဝတ္ထိမြို့တွင်းသို့ ဝင်သည်။

လမ်း၌ တွေ့သူ လူအပေါင်းတို့က " အိုဝ ... စိဉ္စမာန်၊ အဘယ် အရပ်၌ သင် ညဉ့်အိပ်နေခဲ့သနည်း" ဟု မေးကြသည်။

"ကျွန်ုပ် အိပ်ခဲ့သည့်နေရာကို သင်တို့သိသဖြင့် အဘယ်အကျိုး ရှိမည်နည်း၊ မသိချင်ကြပါနှင့်" ဟူ၍ စိဉ္စမာဏက အထင်မှားဖွယ် စကားကို ပြောကြားလေသည်။

ဤနည်းနှင်နှင် နေ့စဉ် သွားလာ ပြောဆိုသည်။ တစ်လခန့်ကြာ သောအခါ လမ်း၌တွေ့သူ လူအများက ရှေးနည်းအတူ မေးမြန်းကြ သော် စိဉ္စမာဏက "အကျွန်ုပ်သည် ဇေတဝန် ကျောင်းတိုက်အတွင်း ဝယ် ဂန္ဓကုဋီကျောင်း တစ်ခုတည်း၌ ရဟန်းဂေါတမနှင့်အတူ ညဉ့်အိပ် နေခဲ့ရပါသည်" ဟု စွပ်စွဲစကား စတင် ပြောကြားလေ၏။

ဤသို့ဖြင့် သုံးလ၊ လေးလ လွန်သောအခါ စိဉ္စမာဏသည် ပုဆိုးကြမ်းတို့ဖြင့် ဝမ်းကို ရစ်ပတ်သည်။ မိမိကိုယ်ကို ကိုယ်ဝန်ဆောင် သော မိန်းမအသွင် ပြုသည်။ ထို့နောက် နီမြန်းသော အဝတ်ကို ဝတ်ရုံ ကာ "ရဟန်းဂေါတမကို အစွဲပြု၍ ကျွန်ုပ်သည် ကိုယ်ဝန်ရှိနေပါပြီ" ဟု စွပ်စွဲ ပြောကြားသည်။ ထိုအခါ အချို့သူတို့ ယုံမှားသံသယ ဖြစ်စ ပြုလာ၏။

ဤနည်းဖြင့် ရှစ်လ၊ ကိုးလ လွန်သောအခါ စိဉ္စမာဏသည် တစ်မျိုးဟန်ဆောင် ပြန်သည်။ သူသည် တကယ့် ကိုယ်ဝန်အရင့်အမာ ရှိနေဟန် ပြုသည်။ ဘဲဥထက်ခြမ်းပုံ သစ်သားဖုကို ဝမ်းဗိုက်၌ ကပ်၍ ကြိုးများဖြင့် ချည်နှောင်သည်။ အဝတ်ဖြင့် ပတ်သည်။ ထို၏အထက်၌

နီမြန်းသော အဝတ်ကို ဝတ်ရုံသည်။ ထို့နောက် လက်ဖမိုး၊ ခြေဖမိုးတို့ကို နွားမေးရိုးဖြင့် ထုနှက်သည်။

ဖွေးဖွားခါနီး၍ ခြေလက်များ အန်းနေသည့်ဟန် ပြုသည်။ ပင်ပန်းနွမ်းနယ်နေဟန် ဆောင်သည်။

စိဉ္စမာဏသည် ညနေချမ်း အချိန်ဝယ် မြတ်စွာဘုရားသခင် ဇုဒ္ဒါသန ဓမ္မပလ္လင်၌ ထိုင်နေတော်မူ၍ ပရိတ်သတ်အား တရားဟောနေတော်မူစဉ် သွားရောက်သည်။

ဘုရားရှင်၏ ရှေ့တည့်တည့်မှ ရပ်၍ "ရဟန်းကြီး ... သင်သည် လူအပေါင်းတို့အား တရားဟော၍သာနေသည်၊ ကျွန်တော်မမှာမူ သင်ရဟန်းကြီးကိုစွဲ၍ ကိုယ်ဝန်ရှိနေပြီ၊ ကိုယ်ဝန်မှာလည်း ယခု ရင့်မာနေပြီ၊ သင်ရဟန်းကြီးကား ကျွန်တော်မအတွက် သားဖွားရန် အိမ်ကိုလည်း မစဉ်းစား၊ ထောပတ်ဆီ စသည်များကိုလည်း မရှာဖွေ၊ နေနိုင်အားတော့သည်၊ ထိုကိစ္စများကို ကိုယ်တိုင်မပြုလျှင်လည်း သင်၏ဒါယကာ၊ ဒါယိကာမများအနက် တစ်ဦးဦးကို ပြုလုပ် စောင့်ရှောက်စေသင့်ပါသည်၊ ယခုမူ သင်ရဟန်းကြီးသည် ထိုသို့လည်း မပြုခဲ့၊ သင် ရဟန်းကြီးကား မွေ့လျော် ပျော်ပါးဖို့ရန်သာ စဉ်းစားသည်၊ ကိုယ်ဝန်သားကို စောင့်ရှောက်ရန်ကိုမူ မစဉ်းစားတော့ပါတကား" ဟု ပရိတ်သတ် အလယ်၌ စွပ်စွဲ ပြောဆိုလေတော့သည်။

ထိုအခါ ဘုရားရှင်သည် ဟောနေသော တရားစကားကို ခေတ္တရပ်နားလိုက်သည်။ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သော အသံဖြင့် "နှမ စိဉ္စမာန် ... သင် ယခုပြောသော စကား မှန်၊ မမှန်ကို သင်နှင့် ငါသာ သိကြကုန်၏" ဟူ၍ မိန့်တော်မူသည်။

စိဉ္စမာဏကား အလျှော့မပေး။ "ဟုတ်ပေသည် ရဟန်းကြီး၊ သင်နှင့် ငါတို့နှစ်ဦးသာ သိကြသောကြောင့် ယခုလို ကိုယ်ဝန် အရင့်အမာ ဖြစ်ရပေသည်" ဟူ၍ တစ်ဖန် ထပ်၍ စွပ်စွဲပြန်သည်။

ထိုအခါ၌ ထိုဖြစ်ရပ်ကို သိကြားမင်း သိရှိသွားသည်။ "စိဉ္စမာဏ မိန်းမယုတ်သည် ဘုရားရှင်ကို မဟုတ်မမှန် လုပ်ကြံ စွပ်စွဲနေပြီ၊

ပရိသတ်အလယ်၌ အဖြစ်မှန်ကိုသိအောင် ငါ ရှင်းရတော့မည်" ဟု ကြံစည်သည်။

ချက်ချင်းပင် နတ်သား လေးယောက်တို့နှင့်အတူ ဇေတဝန် ကျောင်းတော်ရှိ ဘုရားရှင် တရားဟောရာ ဌာနသို့ လာရောက်ကြလေသည်။

ထိုနေရာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် နတ်သားလေး ယောက်တို့သည် ကြွက်ငယ်အယောင် ဆောင်ကြသည်။ စိဉ္စမာဏ ဝှက်ချည်ထားသော သစ်သားဖု၏ ကြိုးများကို တစ်ပြိုင်နက် ကိုက် ဖြတ်ကြလေသည်။ လေကလည်း စိဉ္စမာဏ ဝတ်ရုံထားသော အဝတ် ကို အထက်သို့ တိုက်လွှင့်လေသည်။ တစ်ခဏ အတွင်းမှာပင် သစ်သားဖုကို ဝှက်ချည်ထားသော ကြိုးများ ပြတ်ကုန်ကြသည်။ သစ်သားဖုလည်း အောက်သို့ ကျသွားသည်။ စိဉ္စမာဏ ခြေဖမိုးထက်၌ ကျလေရာ ခြေများ နှစ်ဖက်တို့ သွင်သွင်ကျိုးလေ၏။

တရားနာ ပရိသတ်တို့လည်း အဖြစ်မှန်ကို သိရှိသွားကြသည်။ စိဉ္စမာဏအား ဆဲဆိုလျက် ခဲ၊ တုတ်၊ လှင်ကန်တို့ဖြင့် ပစ်ခတ် ရိုက် နှက်ကြကာ ကျောင်းတော်မှ နှင်ထုတ်လိုက်လေသည်။

စိဉ္စမာဏသည် ဘုရားရှင် မျက်ကွယ်ရာသို့ ရောက်သောခဏ၌ မြေမျိုခံရသည်။ အဝီစိမှ မီးလျှံများသည် စိဉ္စမာဏအား ရစ်ပတ်၍ အဝီစိငရဲသို့ ခေါ်ဆောင်သွားလေသည်။

**ကျမ်းကိုး**

(၁) ဓိနတ္ထပကာသနီကျမ်း (ကျီးသဲလေးထပ် ဆရာတော် ဘုရားကြီး)

(၂) မဟာဗုဒ္ဓဝင် (တိပိဋကရေ ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ)

(၃) မြန်မာ့စွယ်စုံကျမ်း (အတွဲ- ၁၅)

# ၆။ သစ္စက ပရိဗိုဇ်ကို အောင်ခြင်း

မြတ်စွာဘုရားသည် ငါး၀ါ မြောက်တွင် ဝေသာလီပြည်၌ သီတင်းသုံးတော်မူသည်။ ထိုစဉ် အတ္တ အယူဝါဒရှိသော သစ္စကပရိဗိုဇ်ကို အောင်မြင်တော်မူခဲ့သည်။

ဘုရားပွင့်တော်မမူမီက ဝေသာလီပြည်၌ ကြွယ်ဝသော အမျိုးသားတစ်ယောက် ရှိသည်။ သူသည် တစ်ပြည်ရပ်ခြားသို့ သွား၍ နိဂဏ္ဌအယူရှိသော သူတို့ထံတွင် ပညာသင်ကြားသဖြင့် ဝါဒအမျိုးပေါင်း ၅၀၀ ကို တတ်မြောက်သွားသည်။ ထိုသူသည် ထင်ရှားသော မြို့ပေါင်းများစွာသို့ လှည့်လည်၍ မိမိ သင်ကြားတတ်မြောက်သော ဝါဒတို့ကို ချေပနိုင်သူတို့အား ရှာဖွေခဲ့သည်။ မည်သူမျှ သူ တတ်မြောက်သော ဝါဒတို့ကို ချေပခြင်း မပြုနိုင်ခဲ့ပေ။

သို့ဖြင့် သူသည် မိမိနေရင်း အရပ်ဖြစ်သော ဝေသာလီပြည်သို့ ပြန်လာသည်။ မိမိ တတ်မြောက်ခဲ့သော ဝါဒတို့အား လိစ္ဆဝီမင်းသားတို့ကို သင်ကြား ပြသကာ မင်းဆရာပြု၍ နေ၏။

မကြာမီပင် နိဂဏ္ဌအယူရှိသော ပရိဗိုဇ်မ တစ်ဦးသည်လည်း ဝေသာလီပြည်သို့ ရောက်ရှိလာသည်။ ထိုပရိဗိုဇ်မသည်လည်း ဤနည်းတူ အယူဝါဒ ၅၀၀ ကို တတ်မြောက်သည်။ အရပ်ရပ်သို့ လှည့်လည်ပြီး သူ တတ်မြောက်သော ဝါဒတို့ကို ချေပနိုင်စွမ်း ရှိသူကို ရှာသည်။ မတွေ့သဖြင့် ဝေသာလီပြည်သို့ ရောက်လာခြင်း ဖြစ်သည်။



သစ္စကာပရိဗိုဇ်ကို
အောင်မြင်ခြင်း

ဤတွင် လိစ္ဆဝီမင်းသားတို့က သူတို့၏ နိဂဏ္ဌဆရာနှင့် ထို ပရိဗိုဇ်မတို့ကို ဝါဒ ပြိုင်စေသည်။ သူတို့နှစ်ဦး ဝါဒပြိုင်ရာ တစ်ဦး၏ ပြဿနာကို တစ်ဦး မဖြေနိုင်။ ပညာတူ ဖြစ်နေကြသည်။

ထိုအခါ လိစ္ဆဝီမင်းသားတို့က "ဆရာနှစ်ပါးလုံးပင် ပညာရှိ ချည်း ဖြစ်ကြပေသည်။ နှစ်ဦးပေါင်းဆုံနေပါက ငါတို့ ဝေသာလီပြည် သို့ မည်သည့် ပညာရှိမျှ ချဉ်းကပ် ယှဉ်ပြိုင်ဝံ့မည် မဟုတ်။ ထို့ကြောင့် အသင် ပညာရှိနှစ်ပါးတို့ ပေါင်းသင်း နေထိုင်ကြပါလော့" ဟု တောင်းပန် တိုက်တွန်း၏။

သို့ဖြင့် နိဂဏ္ဌ ယောကျ်ားနှင့် နိဂဏ္ဌ မိန်းမတို့ နှစ်ဦးသည် ထိမ်းမြား လက်ထပ်ကြ၏။ လိစ္ဆဝီမင်းသားတို့ကလည်း မြှောက်စား ထားကြ၏။ အတန်ကြာသော သူတို့နှစ်ဦးတွင် သားသမီး ငါးယောက် ထွန်းကားလာကြသည်။ ထိုငါးယောက်တို့တွင် သမီးလေးယောက်မှာ အကြီးများ ဖြစ်ကြသည်။ သားတစ်ယောက်ကား အငယ်ဆုံး ဖြစ် သည်။ သမီးလေးယောက်၏ အမည်မှာ သစ္စာ၊ လောကာ၊ ဂေါစရာ၊ အစာရတဟု အမည်တွင်၏။ အားလုံးပင် အမိသင်ကြားပေးသော ဝါဒ ၅၀၀ ကို တတ်မြောက်ကြ၏။ သားထွေးကား သစ္စကဟု အမည်တွင် ၏။

သမီးများ အရွယ် ရောက်ကြသောအခါ မိဘနှစ်ပါးက "ချစ် သမီးတို့ ... ငါတို့အမျိုး၌ သမီးမိန်းကလေးတို့အား မိဘတို့က ရွှေငွေ ဥစ္စာ အသုံးအဆောင်ပေး၍ လင်၏အိမ်သို့ ပို့ရသည်ဟူ၍ မရှိ၊ မိမိတို့ တတ်မြောက်ထားသော ဝါဒကို နှလုံးပိုက်၍ နီးဝေး ဝန်းကျင်သို့ လှည့်လည်သွားရသည်။ အကြင်သူသည် ဤအယူဝါဒကို ပြောပြ နိမ်နင်းနိုင်သူ ဖြစ်အံ့၊ ထိုသူအား မိမိကိုယ်ကို အပ်နှင်း၍ ခြေရင်း အလုပ်အကျွေး ပြုနေရသည်၊ အကယ်၍ ထိုသူသည် ရဟန်းဖြစ်၍ သင်တို့၏ဝါဒကို နိမ်နင်း ဖြေဆိုနိုင်သူ ဖြစ်အံ့၊ ထိုရဟန်း၏အထံ၌ နည်းခံ၍ ရဟန်းမ ပြုရ၏။ ဤကား ငါတို့အနွယ်၏ အကျင့်တည်း" ဟု ပြောပြ၏။

ဤတွင် သမီး လေးယောက်တို့က "မိမိတို့ မိဘအနွယ်၏ ထုံးနည်းအတိုင်းသာ ကျင့်ပါအံ့" ဟူ၍ ဝန်ခံပြောဆို၏။ ထို့နောက် ပရိဗိုဇ်တို့၏ သဏ္ဌာန် ဝတ်ဆင်ပြီးသော် မြို့ရွာအသီးသီးသို့ လှည့်လည် သွားလာကြသည်။ မိမိတို့၏ အယူဝါဒကို ယှဉ်ပြိုင်နိုင်သူကို ရှာကြသည်။ ထိုအခါ မည်သည့်ယောကျ်ားမျှ သူတို့ကို မယှဉ်ပြိုင်နိုင်။ သူတို့သည် နောက်ဆုံး၌ သာဝတ္ထိပြည်သို့ရောက်ကာ အရှင်သာရိပုတ္တရာ မထေရ်မြတ်နှင့် တွေ့ဆုံကြသည်။ ဝါဒပြိုင်ကာ ရှုံးနိမ့်ကြသဖြင့် ဘိက္ခုနီမ အဖြစ်သို့ ကူးပြောင်းသွားကြလေသည်။

ထိုသူတို့၏ မောင်အငယ်ဖြစ်သော သစ္စကမှုကား အစ်မတို့ ထက် ပို၍ ဝါဒတတ်ကျွမ်းသည်။ အဖ တတ်ကျွမ်းသော ဝါဒ ၅၀၀ နှင့် အမိ တတ်ကျွမ်းသော ဝါဒ ၅၀၀ တို့ကို ကောင်းစွာ သင်ယူ၍ ဝါဒ ၁၀၀၀ ကို တတ်ကျွမ်းသည်။ ထို့ပြင် လောကီဆိုင်ရာ၊ ဝတ္ထု၊ ပုံပြင်၊ ဗေဒင်၊ ဓမ္မသတ်တို့ကိုလည်း တတ်ကျွမ်းသည်။ အရပ် ထက်ဝန်းကျင်၌ ပညာရှိကြီးဟု ထင်ရှားသည်။ လိစ္ဆဝီမင်းသားတို့၏ ဆည်းကပ်ကိုးကွယ်ရာ ဖြစ်သည်။ ဤဝေသာလီပြည်၌ပင် နေထိုင် သည်။

သစ္စကပရိဗိုဇ်က "ငါ၏ ဝမ်း၌ရှိသော ပညာကား အလွန်များ ၏။ ဆန်စပါးထည့်သော အိတ်သည် ပြည့်သိပ်လွန်းလျှင် ပေါက်ကျ သကဲ့သို့ ငါ့ဝမ်း၌လည်း ပညာအလွန် ပြည့်လွန်းသဖြင့် မခံနိုင်ဘဲ ကွဲပေါက်လေတော့မည်" ဟု မှတ်ယူသည်။ ဝမ်းကွဲမည်ကို စိုးသော ကြောင့် သံပြားနှင့် ရစ်ပတ်၍ ထား၏။

သူသည် ဝေသာလီပြည်သို့ မြတ်စွာဘုရား ရောက်လာလျှင် ဝါဒပြိုင်မည်ဟူ၍ ကြံစွယ်ထားသည်။ သို့ဖြင့် ဘုရားရှင်၏ ဝါဒကို သိရအောင်ပြုအံ့ဟု ကြံ၍ အရှင်သာရိပုတ္တရာ၏ ဆရာ အရှင်အဿဇိထံ သွားရောက် စုံစမ်းသည်။ အရှင်အဿဇိက သစ္စကအား ဘုံသုံးပါး၌ ဖြစ်သော သတ္တဝါတို့၏ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် တရား

တို့သည် အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောသာတည်းဟု ငါတို့ဘုရားရှင် ဟောကြား ဆုံးမ၏" ဟု ပြော၏။

ထိုအခါ သစ္စက က "ရှင်ဂေါတမ၏ ဝါဒကို ငါ သိရပြီ၊ နှိမ်နင်း ချေပတော့အံ့" ဟု ကြံစည်သည်။ ထို့နောက် ဘုရားရှင်နှင့် ဝါဒပြိုင်၍ စကား စစ်ထိုးရန် တပည့်များ ဖြစ်ကြသော လိစ္ဆဝီမင်းသားတို့ကိုခေါ်၍ ဘုရားရှင်ထံ သွားရောက်သည်။ လိစ္ဆဝီမင်းသားတို့နှင့်အတူ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ ဆင်းရဲသားများလည်း အတူလိုက်ပါသွားသည်။

ထိုအချိန်၌ မြတ်စွာဘုရားရှင်သည် မဟာဝုန်တောရှိ ကူဋာဂါရ ကျောင်းတော်၌ သီတင်းသုံးလျက် ရှိသည်။ ဘုရားရှင်သည် နံနက် အာရုံတက်၌ မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ တစ်သောင်း သော စကြဝဠာတိုက်၌ ကျွတ်ထိုက်သော ဝေနေယျတို့ကို သမန္တစက္ခု ဖြင့် ရှုတော်မူလျှင် သစ္စကပရိဗိုဇ်၏ အကြံအစည်၊ အပြုအမူတို့ကို ကုန်စင်စွာ သိတော်မူသည်။ ထို့ကြောင့် ပြုသင့်သမျှသော အမှုကိစ္စ တို့ကို ပြည့်စုံစေပြီးသော် ကျောင်းတော်နှင့် မနီးမဝေး ကြီးစွာသော သစ်ရိပ်အတွင်း၌ သီတင်းသုံး၍ နေ၏။ သစ္စက ပရိဗိုဇ်ကို စောင့်နေ တော်မူသည်။

မကြာမီ သစ္စကပရိဗိုဇ်သည် နောက်ပါများနှင့်အတူ ဘုရားရှင် ရှေ့တော်မှောက်သို့ ရောက်ရှိလာသည်။ သစ္စက ပရိဗိုဇ်က ဘုရားရှင် အား "အရှင်ဂေါတမ ... တပည့် သာဝကတို့ကို မည်သို့ ဆုံးမတော် မူပါသနည်း၊ အကျွန်ုပ် သိလိုပါသည်" ဟူ၍ လျှောက်၏။

ဘုရားရှင်က "အချင်းသစ္စက ... ငါသည် တပည့်သာဝကတို့ အား လောက၌ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါဟု သမုတ်ကြသည်ကား ခန္ဓာငါးပါး၏ အစုသာ ဖြစ်သည်၊ ထိုခန္ဓာ ငါးပါးတည်းဟူသော ရုပ်သည် အမြဲမရှိ၊ ဝေဒနာသည် အမြဲမရှိ၊ သညာသည် အမြဲမရှိ၊ သင်္ခါရတို့သည် အမြဲမရှိ။ ထိုနည်းတူ ဝိညာဉ် ခြောက်ပါးသည်လည်း အမြဲမရှိ၊ ထို့ကြောင့် ရုပ်သည် အတ္တ မဟုတ်၊ ဝေဒနာသည် အတ္တ

မဟုတ်၊ သညာသည် အတ္တမဟုတ်၊ သင်္ခါရတို့သည် အတ္တ မဟုတ်၊ ဝိညာဉ်ခြောက်ပါးသည် အတ္တ မဟုတ်၊ အလုံးစုံသော သင်္ခါရတို့သည် အမြဲမရှိကုန်၊ အလုံးစုံသော သင်္ခါရတို့သည် အတ္တ မဟုတ်ကုန် ဟူ၍ ဆုံးမပေသည်" ဟူ၍ ဖြေကြားတော်မူသည်။

ထိုအခါ သစ္စကသည် ဘုရားရှင်၏ အနတ္တဝါဒကို ချေဖျက်လိုသဖြင့် "အို ... အရှင်ဂေါတမ၊ အရှင်ဘုရား၏ ဝါဒသည် မဟုတ်မမှန်ပါတကား၊ ဥပမာအားဖြင့် မျိုးစေ့အပေါင်း၊ သစ်ပင် အပေါင်းသည် မြေကြီး၌ တည်၍သာလျှင် ကြီးပွား စည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကြကုန်သည် မဟုတ်ပါလော၊ ထို့အတူ သတ္တဝါတို့သည်လည်း ခန္ဓာ ငါးပါး၌ တည်၍သာလျှင် ချမ်းသာ ဆင်းရဲကို ခံစားရသည် မဟုတ်ပါလော။ ကုသိုလ်၊ အကုသိုလ် တရားတို့ကို အားထုတ်ရသည် မဟုတ်ပါလော။ မဂ်, ဖိုလ် ချမ်းသာကို ဖွေရှာကြသည် မဟုတ်ပါလော။ မပျက်စီးသေးသော ကာလ၌ အတ္တဟု ထင်ရှားရှိပါလျက် အဘယ်ကြောင့် အနတ္တဟု ပြောပါသနည်း" ဟူ၍ ချေပ ပြောဆိုသည်။

ထိုအခါ ဘုရားရှင်က "အချင်းသစ္စက ... ဤငါးဖြာသော ရုပ်ခန္ဓာကို ငါ၏ကိုယ် ဟူ၍ပင် သင် အယူရှိသလော" ဟု မေး၏။ သစ္စကလည်း "အရှင်ဂေါတမ ... အကျွန်ုပ်သာ ငါ၏ ကိုယ်ဟူ၍ အယူရှိသည် မဟုတ်။ ဤပရိသတ် လေးပါး လူအများပင် ငါ၏ကိုယ်ဟု မှတ်ထင် ခေါ်ဆိုကြပါ၏" ဟု ဆို၏။

ဘုရားရှင်က "အချင်းသစ္စက ... သူတစ်ပါး အကြောင်းကို သင် မဆိုနှင့်၊ သင်၏ အယူကိုသာ ထင်ရှားစွာ ဖြေလော့" ဟု ဆို၏။

သစ္စကလည်း အခြားသူများကို လွှဲချခြင်းငှာ မတတ်သာရကား "အရှင်ဂေါတမ ... အကျွန်ုပ်လည်း ဤရုပ်, နာမ်, ခန္ဓာကို ငါ၏ကိုယ်ဟု အယူရှိပေသတည်း" ဟု ဆို၏။

ထိုစကားကိုကြားလျှင် ဘုရားရှင်က ကြည်ရွှင်သော မျက်နှာဖြင့် "အချင်းသစ္စက ... ဤ ငါးဖြာသော ခန္ဓာကို ငါ၏ကိုယ်ဟု

သင် ဝန်ခံသော် တစ်ဖန် သင့်ကို ငါ မေးဦးအံ့၊ သင်၏ ရုပ်တရားသည် မတင့်တယ်သောအားဖြင့် ငါ မဖြစ်လို၊ ကြည်ညို နှစ်သက်စဖွယ် တင့်တယ်လှပသည် ဖြစ်လို၏ ဟူ၍ လည်းကောင်း၊ ဆံဖြူသွားကြွေ၊ သားရေတွန့်တို၊ အိုခြင်းသို့ မရောက်ဘဲ ၁၆–နှစ် အရွယ်သာ တည်ပါလို၏ ဟူ၍ လည်းကောင်း အလိုရှိမူ ထိုအလိုရှိတိုင်း သင်၏ရုပ်သည် ဖြစ်ပါလော၊ သင်၏ ရုပ်ကို သင့်အလိုအတိုင်း လိုက်စေခြင်းငှာ အစိုးရပါ၏လော" ဟု မေး၏။

ထိုအမေးကို ကြားသောအခါ သစ္စကလည်း "အကယ်၍ ငါ၏ ရုပ်သည် ငါ၏အလိုသို့ လိုက်၏ဟု ဖြေချေသော် လိစ္ဆဝီမင်းသား အပေါင်းက ထ၍ ဆရာ့ရုပ်သည် ငါတို့ကဲ့သို့ တင့်တယ် လှပစေပါတော့လော့ဟု ဆိုရာ၏။ အလိုသို့ မလိုက်ပေဟု ဆိုချေလျှင်လည်း အရှင်ဂေါတမ၏ အနတ္တဟူသော စကားသည် ဆိုပိုင်၍ ငါ့ကို နိုင်ဘိလေမည်" ဟု စဉ်းစားလျက် မည်သည့်စကားကိုမျှ မဆိုဘဲ ဆိတ်ဆိတ်သာ နေလေ၏။

ထိုအခါ ဘုရားရှင်က "အချင်းသစ္စက ... ငါမေးသည်ကို သင် ဖြေဦးလော့" ဟု နှစ်ကြိမ်မြောက် တိုက်တွန်းတော်မူသည်။ သစ္စက မလှုပ်ချေ။

ထိုအခါ သိကြားမင်းသည် ဘီလူးအသွင် ဖန်ဆင်းလျက် သံတင်းပုတ်ဖြင့် နက်အုံ့သကဲ့သို့ ရွယ်လျက် ... "ဟယ် ...သစ္စက၊ အဘယ်ကြောင့် ဘုရားရှင် မေးတော်မူသည်ကို မလျှောက်ဆိုသနည်း၊ လျှောက်ဆိုလော့" ဟု ခြိမ်းခြောက်သည်။ ထိုသို့ ခြိမ်းခြောက်လာသော သိကြားမင်းကို အခြားသူတို့ မမြင်ရ။ ဘုရားရှင်နှင့် သစ္စကသာ မြင်ရ၏။

သစ္စကပရိဗိုဇ်လည်း ဆိတ်ဆိတ် မနေဝံ့တော့သဖြင့် "အရှင်ဘုရား ... အကျွန်ုပ်ကား မှားခြင်းကြီး မှားပေပြီ၊ အရှင်၏ ဝါဒကို အသက်ရှင်သမျှ ယုံမှတ် ကိုးကွယ်ပါတော့မည်" ဟု ဝန်ခံလျှောက်ထား၏။

ဤသို့လျှင် အယူဝါဒပြိုင်လာသော သစ္စကပရိဗိုဇ်အား ချုတ်တော်မူနိုင်ခြင်း၊ အောင်မြင်ခြင်းသည် ဘုရားရှင်၏ အောင်မြင်ခြင်း ဖြစ်ပေသည်။

**မှတ်ချက်**

| | |
|---|---|
| ရုပ် | အအေးအပူ စသော ဆန့်ကျင်ဘက် အကြောင်းများကြောင့် ဖောက်ပြန်တတ်သော သဘော၊ |
| ဝေဒနာ | အာရုံ အရသာကို ခံစားခြင်း သဘော၊ |
| သညာ | အာရုံကို မှတ်သားခြင်း သဘော၊ |
| သင်္ခါရ | ပြုပြင် စီရင်တတ်သော သဘော၊ ပြုပြင် စီရင်ခြင်း ခံရသော သဘော၊ ကုသိုလ် အကုသိုလ်၊ ကံ၊ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု၊ |
| ဝိညာဉ် | အသိစိတ် (၁) စက္ခုဝိညာဉ် – မျက်စိ အသိစိတ်၊ (၂) သောတဝိညာဉ်–နားအသိစိတ်၊ (၃) ဃာနဝိညာဉ်–နှာခေါင်းအသိစိတ်၊ (၄) ဇိဝှါဝိညာဉ်– လျှာ အသိစိတ်၊ (၅) ကာယဝိညာဉ်–ကိုယ်အတွေ့ အသိစိတ်၊ (၆) မနောဝိညာဉ်–အာရုံ အသိစိတ်၊ |

**ကျမ်းကိုး**

(၁) ဇိနတ္ထပကာသနီကျမ်း (ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး)
(၂) မဟာဗုဒ္ဓဝင် (တိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ)
(၃) မြန်မာ့စွယ်စုံကျမ်း (အတွဲ–၁၅)



နန္ဒောပနန္ဒနဂါးမင်းကို
အောင်ခြင်း

## ၇။ နန္ဒောပနန္ဒ နဂါးမင်းကို အောင်ခြင်း

မြတ်စွာဘုရားသခင်သည် ပါလိလေယျက တောအုပ် (ပလလဲ) တွင် ဒသမ ဝါဆိုတော်မူပြီးနောက် ဝါကျွတ်သောအခါ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ကြွရောက် သီတင်းသုံးတော်မူသည်။ ထိုစဉ် အနာထပိဏ် သူဌေးသည် ဘုရားရှင်အား တပည့်သား ရဟန္တာ ငါးရာနှင့်တကွ နေအိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော်မူပါရန် ပင့်ဖိတ်သည်။

ဘုရားရှင်လည်း လက်ခံတော် မူလိုက်သည်။

ဆွမ်းစားမကြွမီ နံနက်တွင် ဘုရားရှင်သည် လောကဓာတ် စကြဝဠာပေါင်း တိုက်တစ်သောင်းကို ကြည့်ရှုတော် မူလေသော် နန္ဒောပနန္ဒ နဂါးမင်းသည် ဉာဏ်တော်၌ ထင်လာသည်။

"ဤနဂါးမင်းကား ဘဝထိုထိုက ကုသိုလ်ပုည သမ္ဘာရ အဆောက်အအုံ ရှိပါလျက်နှင့် အယူမှားသဖြင့် ဒုဂ္ဂတိဘဝသို့ ရောက် နေရှာသည်။ တိရိစ္ဆာန် အဖြစ်သို့ရောက်၍ မိစ္ဆာဒိဋ္ဌိ ဖြစ်နေရှာသည်။ ထိုနန္ဒောပနန္ဒ နဂါးမင်းအား နှိပ်နင်း ဆုံးမစေရပါမူ သမ္မာဒိဋ္ဌိ အယူသို့ ရောက်၍ ကောင်းကျိုးချမ်းသာ ရရှိပေလိမ့်မည်။ ဤနန္ဒောပနန္ဒ နဂါးမင်းကို နှိပ်နင်း ဆုံးမနိုင်သည်မှာလည်း အရှင်မဟာမောဂ္ဂလာန် မထေရ်သည်သာ ဖြစ်ပေသည်" ဟူ၍ ဆင်ခြင်တော်မူသည်။

သို့ဖြင့် ဆွမ်းစားချိန် နီးသော် ရဟန္တာ ငါးရာနှင့်အတူ တာဝတိံသာ

နတ်ပြည်သို့ ရှေးရှု ကြွတော်မူသည်။ ထိုစဉ် နန္ဒောပနန္ဒ နဂါးမင်းသည် နတ်မင်းကြီးအလား ကြီးကျယ် ခမ်းနားလှစွာသော စည်းစိမ်ကို ခံစားလျက် ရှိသည်။ နဂါးကညာတို့နှင့် နဂါးပေါင်းများစွာ ခြံရံလျက် ဆန်းကြယ်ထူးမြတ်သော ဘောဇဉ် ချိုချဉ် ရသာတို့ကို သုံးဆောင်လျက် ရှိသည်။

ထိုအခိုက် နဂါးတို့အပေါ်မှ ဘုရားရှင်နှင့် ရဟန္တာတို့ ကြွသွားသဖြင့် နဂါးမင်း၏ ဦးခေါင်းပေါ်သို့ မြေမှုန့်များ ကျလာသည်။ နဂါးမင်းသည် ပြင်းထန်စွာ အမျက်ဒေါသ ဖြစ်သည်။

"ဤဦးပြည်း ရဟန်းတို့သည် ငါတို့၏အထက် ဘုံဗိမာန်များသို့ မကြာခဏ သွားလာကြသည်။ သူတို့၏ ဖဝါးခြေမှုန့်တို့ ငါတို့၏ ဦးခေါင်းထက်သို့ ကျလေ့ရှိသည်။ ယနေ့မှစ၍ ထိုသူတို့၏ အသွားအလာကို ငါ ခွင့်မပေးအံ့။ အကယ်၍ မရှောင်ကွင်းမူ ငါ့ခံတွင်း၌ သေစေအံ့" ဟု ကြုံးဝါးသည်။

ထို့နောက် ကြီးစွာသောကိုယ်ကို ဖန်ဆင်း၍ မြင့်မိုရ်တောင်ကို အရင်းမှ အဖျားတိုင်အောင် ကိုယ်ဖြင့်ခွေ၍ ထားသည်။ တာဝတိံသာ နတ်ပြည် အားလုံးကိုလည်း ပါးပျဉ်းဖြင့် အုပ်ဖုံးထားလိုက်သည်။

ဘုရားရှင်နှင့် သံဃာတော်မြတ်တို့လည်း ယုဂန္ဓိုရ်တောင်ထွတ်ရှိရာ မိုးထက်သို့ရောက်သော် တာဝတိံသာ နတ်ပြည်ကို မမြင်ရတော့ပေ။ ဤတွင် ယုဂန္ဓိုရ်တောင်ထိပ်၌ ခေတ္တ စံပယ်တော် မူနေကြသည်။

ထိုအခါ အရှင်ရဋ္ဌပါလက ဘုရားရှင်အား "အရှင်ဘုရား၊ နန္ဒောပနန္ဒ နဂါးမင်းကို အကျွန်ုပ် တန်ခိုးပြ၍ ဆုံးမပါအံ့" ဟု လျှောက်၏။ ဘုရားရှင်လည်း ခွင့်ပေးတော် မမူ။ ထို့နောက် အရှင်ရာဟုလာ၊ အရှင်ဘဒ္ဒိယ စသော မထေရ်တို့သည် အသီးသီး ခွင့်တောင်းကြသည်။ ဘုရားရှင်က ထိုမထေရ်တို့ကိုလည်း ခွင့်ပေးတော် မမူပေ။

နောက်ဆုံး အရှင်မဟာမောဂ္ဂလာန်က "အရှင်ဘုရား ... သားကြီး ဟူသမျှသည် မိဘတို့ဝန်ကို ဆောင်ထိုက်ပါသည်။ ထို့အတူ

တပည့်ကြီး ဟူသမျှသည်လည်း ဆရာ့ဝန်ကို အလွန်ဆောင်ထိုက်ပါသည်။ တိရိစ္ဆာန်သာ ဖြစ်သော ဤနန္ဒောပနန္ဒ နဂါးကို အရှင်ဘုရား ကိုယ်တိုင် မဆုံးမသင့်ပါ။ တပည့်တော် ဆုံးမပါမည် ဘုရား" ဟူ၍ လျှောက်ထားသည်။

ဘုရားရှင်ကလည်း "ချစ်သား မောဂ္ဂလာန် ... သင်ပင် ဆုံးမလော့" ဟူ၍ ခွင့်ပေးတော် မူလိုက်သည်။

ဤတွင် အရှင်မောဂ္ဂလာန်သည် စတုတ္ထဈာန်ကို ဝင်စားတော်မူပြီးလျှင် နဂါးမင်းထက်ကြီးသော နဂါး အဖြစ်သို့ ဖန်ဆင်းလိုက်သည်။ ထို့နောက် နဂါးမင်း၏ ကိုယ်အထက်၌ ၁၄–ထပ် ပတ်ရစ်လိုက်သည်။ ပြီးသော် နဂါးမင်း ခေါင်းပေါ်မှ မိမိ၏ ပါးပျဉ်းကို အုပ်လျက် မလွတ်နိုင်အောင် မြင်းမိုရ်တောင်ဖြင့် ညှပ်၍ ကြိတ်၏။

နန္ဒောပနန္ဒလည်း အမျက်ပြင်းစွာထ၍ အခိုးအလျှံ လွှတ်၏။ အရှင်မောဂ္ဂလာန်ကလည်း ထိုအလျှံထက် ကဲလွန်၍ လွှတ်သည်။ နဂါး၏ အလျှံသည် အရှင်မောဂ္ဂလာန်ကို မနှိပ်စက်နိုင်။ အရှင်မြတ်၏ အလျှံသာလျှင် နဂါးမင်း၏ အရေအသားကို ဖောက်ခွဲ၍ ညှဉ်းဆဲနှိပ်စက်လေသည်။

ထိုအခါ နဂါးမင်းက "ငါ့အား မြင့်မိုရ်တောင်ဖြင့် ကြိတ်၍ နှိပ်စက်လာသူကား အသူနည်း" ဟု မေး၏။

အရှင်မောဂ္ဂလာန်သည် ဖန်ဆင်းထားသော နဂါး အသွင်ကို ဖျောက်၍ ရဟန်းအသွင်ကို ပြသည်။ ထိုအခါ နဂါးမင်းသည် အံသွားကြိတ်၍ အဆိပ်နှင့်တကွသော နှာခေါင်းလေကို မှုတ်၏။ အရှင်မြတ်လည်း မတုန်မလှုပ် တည်နေစွာ ရှိ၏။ နဂါးမင်းလည်း အရှင်မြတ်အား ခံတွင်းဖြင့် ဟပ်မျို၏။

ထိုအခါ မြတ်စွာဘုရားက "ချစ်သား မောဂ္ဂလာန် ... ဤနန္ဒောပနန္ဒကား တန်ခိုးကြီးလှ၏။ စတုတ္ထ ဈာန်သမာပတ်ကို ကြပ်ကြပ် နှလုံးသွင်းပေလော့" ဟု သတိပေးတော်မူ၏။

အရှင်မောဂ္ဂလာန်ကလည်း "အရှင်ဘုရား စိုးရိမ်တော် မမူပါလင့်၊ တပည့်တော်ကား လေးပါးသော တန်ခိုး ဣဒ္ဓိပါဒ်တို့ကို မပြတ် လေ့လာပြီး ဖြစ်ပါသည်။ ဤနဂါးယက် တန်ခိုးသာသော မည်သည့် နဂါးမျိုးကိုမဆို တပည့်တော် ဆုံးမနိုင်ပါ၏" ဟု လျှောက်၏။

ထို့နောက် အရှင်မောဂ္ဂလာန်သည် နဂါးမင်း၏ ခံတွင်းမှ ဝင်၍ လက်ဝဲ နားတွင်းမှ ထွက်၏။ တစ်ဖန် လက်ယာနားတွင်းမှ ဝင်လျက် လက်ဝဲနားတွင်းမှ ထွက်၏။ ထို့နောက် လက်ဝဲနားတွင်းမှ ဝင်လျက် နှာခေါင်းပေါက်မှ ထွက်ပြန်၏။ နဂါးမင်း ခံတွင်းကို ဟသော ထို ခံတွင်းမှ ဝင်လျက် ဝမ်းတွင်း အူအစဉ် တစ်လျှောက် စင်္ကြံကြွ၏။

နဂါးမင်းကလည်း "ဝင်စဉ်က ငါ မမြင်လိုက်၍သာ သင် ရဟန်း ချမ်းသာရာရသည်။ ထွက်သောအခါ ငါ၏ အစွယ်ဖျား၌ ကြေစေအံ့" ဟု ကြံ၍ "ရဟန်း ... ထွက်လှည့်ဦး၊ ရွံရှာဖွယ် အတိပြီးသော ဝမ်းတွင်း ၌သာ မနေပါလင့်" ဟု ဆို၏။

အရှင်မောဂ္ဂလာန်လည်း အစွယ်နှစ်မြွာကို ပုတ်ခတ်လျက် အပြင်သို့ ထွက်၏။ နဂါးမင်းလည်း ပြင်းစွာသော နှာခေါင်းလေကို မှုတ်၍ လျင်စွာ ကိုက်ပြန်သည်။ အရှင်မြတ်လည်း ခံတွင်းသို့ဝင်၍ လျှာပေါ်တွင် စင်္ကြံကြွပြီးမှ သွားကို ပုတ်ခတ်လျက် ထွက်လာပြန် သည်။

နဂါးမင်းသည် ပြင်းစွာသော ဒေါသဖြင့် အစွမ်းကုန် ညှဉ်းဆဲပါ သော်လည်း အရာမကင်။ မွေးညင်းတစ်ပင်မျှ မလှုပ်သည်ကို မြင်လျှင် လွန်စွာ တုန်လှုပ် ကြောက်ရွံ့သွားသည်။ "ဤအရှင်ကား တန်ခိုးကြီးမား လှ၏။ ငါပြုသမျှ အချည်းအနှီးသာ ဖြစ်ချေသည်။ ဤအရှင်နှင့် တန်ခိုးပြိုင်၍ မနိုင်ပေရာ။ ပြေးမှသာ ဖြစ်တော့မည်" ဟု ကြံ၏။ ချက်ချင်းပင် နဂါးကြီး သဏ္ဌာန်ကို ပယ်လျက် နဂါးငယ်ဟန် ဖန်ဆင်း ၍ ရေသို့ သက်၏။ ရှင်မောဂ္ဂလာန်ကလည်း ဂဠုန်အဟန် ဖန်ဆင်း၍ လိုက်၏။

ထိုအခါ နဂါးမင်းသည် လူသားအဟန် ဖန်ဆင်း၍ နေ၏။ အရှင်မြတ်ကလည်း နတ်ဘီလူးကြီး အဟန် ဖန်ဆင်း၍ ကိုက်စားဟန် ပြု၏။ ထိုအခါမှ နဂါးမင်းသည် အရှုံးပေးကာ လုလင်ဟန် ဖန်ဆင်း၍ "အရှင်ဘုရား ... အကျွန်ုပ်ကား မှားခြင်းကြီး မှားချေပြီ။ ဤနေ့မှစ၍ အရှင်မြတ်တို့အား လေးမြတ် ရိုကျိုး ကိုးကွယ်ပါတော့မည်" ဟု ဆိုလျက် အရှင်မြတ်၏ ခြေရင်း၌ ဦးဖြင့်တိုက်၍ နေလေသည်။

အရှင်မြတ်က "အချင်းပနန္ဒ ... ထလော့ ... ထလော့၊ လူသုံးပါး၏ စီးပွားချမ်းသာကို လွန်စွာ ဆောင်တော်မူတတ်သော မြတ်စွာဘုရားသည် သင့်အား သနားကရုဏာဖြင့် ကြွတော်မူလာ၍ ယုဂန္ဓိုရ် တောင်ထိပ်ဝယ် စံပယ်တော်မူသည်။ သင်လိုက်ခဲ့လော့" ဟု မိန့်တော်မူ၍ ဘုရားရှင်၏ ရှေ့တော်သို့ ခေါ်ဆောင်လာသည်။

ဘုရားရှင်သည် နဂါးမင်းအား နဂါးနှင့် လျော်ကပ်သော ဓမ္မကထာဖြင့် ကောင်းစွာ ဆုံးမတော်မူသည်။ နဂါးမင်းအား ဥပါသကာအဖြစ် ခံယူစေသည်။ ဤသို့လျှင် နန္ဒောပနန္ဒ နဂါးမင်းအား အောင်တော်မူခြင်းသည် ဗုဒ္ဓမြတ်စွာ၏ စတုတ္ထအောင်ခြင်းပင် ဖြစ်ပေသည်။

ဘုရားရှင်သည် ဤသို့ နဂါးမင်းကို နှိမ်နင်း ချေချွတ်တော်မူပြီးသော် ရဟန္တာ ငါးရာနှင့်အတူ အနာထပိဏ် သူဌေးအိမ်သို့ ကြွတော်မူသည်။ သူဌေးကြီးလည်း ဝမ်းမြောက်ဝမ်းသာ ခရီးဦး ကြိုဆိုလျက် အရှင်ဘုရားသည် အဘယ်အကြောင်းကြောင့် နေမြင့်မှ ကြွတော်မူပါသနည်း" ဟု လျှောက်ထားသည်။ ဘုရားရှင်လည်း "နန္ဒောပနန္ဒ နဂါးမင်းအား သွား၍ ချေချွတ်တော်မူရသောကြောင့် နေမြင့်ပေသည်" ဟု မိန့်တော်မူကာ ဖြစ်ပျက်ပုံ အလုံးစုံကို ပြန်လည် ဟောကြားတော်မူသည်။

အနာထပိဏ် သူဌေးလည်း ထိုအကြောင်းကို ကြားသိရသော

အခါ လွန်စွာ ဝမ်းသာ ကြည်နူးပြီး သဒ္ဓါတရား ပိုမိုတက်သွားသည်။ "အရှင်ဘုရား တပည့်တော်၏အိမ်၌ ခုနစ်ရက်တိုင်တိုင် အရှင်မြတ်တို့ ဆွမ်းဘုဉ်းပေးတော်မူပါ" ဟု လျှောက်၍ လုပ်ကျွေး ပြုစုလေသည်။

**ကျမ်းကိုး**

(၁) ဓိနတ္ထုပကာသနီကျမ်း (ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး)

(၂) မဟာဗုဒ္ဓဝင် (စတုတ္ထတွဲ)
(တိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ)

(၃) မြန်မာ့စွယ်စုံကျမ်း (အတွဲ- ၁၅)



ဗကဗြဟ္မာမင်းကို
အောင်ခြင်း

## ၈။ ဗကပြဟ္မာမင်းကို အောင်ခြင်း

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ်တွင် မိစ္ဆာဒိဋ္ဌိ အယူရှိသော ဗကပြဟ္မာမင်းနှင့် ခုနစ်ကျိပ် နှစ်ပါးသော ဗြဟ္မာတို့ကို ဟောပြော ချေချွတ်ရန် မြင်တော်မူသည်။ သို့ဖြင့် ဗြဟ္မာ့ ပြည်သို့ ကြွတော်မူ၍ ဟောပြော ချေချွတ်တော် မူခဲ့သည်။

ဗကပြဟ္မာကြီးသည် ရှေးအခါ တစ်ခုသော ကမ္ဘာဝယ် လူတို့နေရာ ဗာရာဏသီပြည်၌ ကေသဝမည်သော ပုဏ္ဏား သူကြွယ် ဖြစ်ခဲ့သည်။ အိမ်ရာထောင်မှု၏ အပြစ်ကို မြင်သဖြင့် တောအုပ်ကြီး တစ်ခုသို့ ဝင်၍ ရသေ့ပြုသည်။ စတုတ္ထကသိုဏ်းဝန်းကိုရှု၍ လောကီ ဖြစ်သော ဈာန် သမာပတ်တို့ကို မပြတ် ကြိုးစားလေ့လာသည်။

ထိုစဉ် လှည်းကုန်သည် ငါးရာသည် သဲကန္တာရကို ဖြတ်ကူးရာ ခုနစ်ရက်ပတ်လုံး လမ်းမှားနေသည်။ ရိက္ခာပြတ်လပ်ကာ ပင်ပန်းကြီးစွာ ရောက်နေကြရ ရှာသည်။ ထိုအခါ ဗကဗြဟ္မာလောင်း ကေသဝရသေ့က "ဤသူတို့ ချမ်းသာရာရရန် ငါကယ်မည်" ဟူ၍ ကြံ၏။ အဘိညာဉ်တန်ခိုးဖြင့် သောက်ချိုးမကုန်နိုင်သော ဂင်္ဂါမြစ်ရေကို စီးစေသည်။ အသီးအပွင့်နှင့် ပြည့်စုံသော တောအုပ်ကို ဖန်ဆင်းပေးသည်။ ထိုအခါမှ ကုန်သည်တို့လည်း အလိုဆန္ဒ ပြည့်ဝသွားကြသည်။ အလိုရှိရာ ခရီးသို့ ချမ်းသာစွာ သွားနိုင်ကြသည်။

တစ်ခါကလည်း ကောသဝ ရသေ့သည် ဇော်မြစ်ဘေးရှိ ပစ္စန္တရစ်ရွာကို မှီ၍ နေထိုင်သည်။ ထိုစဉ် ရွာသူရွာသားတို့အား ခိုးသားတို့လုယက် တိုက်ခိုက် ခေါ်ဆောင်သွားသည်ကို သိရှိရသည်။ ကောသဝရသေ့သည် ရွာသူရွာသားတို့၏ ငိုကြွေးသံကိုကြားကာ ကရုဏာ ဖြစ်မိသည်။ ဤတွင် ရသေ့သင်္ကန်းကို ဖျောက်၍ မင်း၏သင်္ကန်းကို ဖန်ဆင်းလိုက်သည်။ ရဲမက် ဗိုလ်ပါ အခြံအရံတို့ကိုလည်း ဖန်ဆင်းလိုက်သည်။ ခိုးသားတို့ မြင်ရာ ကြောက်လန့်၍ ထွက်ပြေးသွားကြသည်။ ရွာသူ ရွာသားတို့ ချမ်းသာရာရခဲ့သည်။

တစ်ခါကလည်း မြစ်အတွင်းသို့ စားကြွင်းစားကျန် စွန့်ပစ်သည့် အမတ်မင်းချင်း ငါးရာတို့အား ဂင်္ဂေယျနဂါးမင်း အမျက်ကြီးစွာထွက်၍ ရန်ပြုသည်။ နဂါးမင်းသည် ကြီးစွာသောကိုယ်ကို ဖန်ဆင်းလျက် ပါးပျဉ်းဖြန့်ကာ မင်းချင်းတို့ စီးနင်း လိုက်ပါလာသော ဖောင်ရှိရာသို့ ရှေးရှုလာသည်။ မင်းချင်းတို့ ထိတ်လန့်ကြသဖြင့် အော်ဟစ်ကြသည်။ ဤတွင် ကောသဝ ရသေ့သည် ဂဠုန်ဟန် ဖန်ဆင်းလိုက်သည်။ နဂါးမင်းအား ခြိမ်းခြောက်၍လိုက်ရာ နဂါးကြီး ထွက်ပြေးသွားရသည်။ မင်းချင်းတို့ သေဘေးမှ ကင်းလွတ်ခဲ့ကြသည်။

ထိုစဉ်အခါက ဂေါတမဘုရားလောင်းသည် ကောသဝ ရသေ့၏ အန္တေဝါသိက တပည့် ဖြစ်ဖူးသည်။ ကပ္ပရ ရသေ့ အမည်တွင်ခဲ့သည်။ ဤသို့လျှင် ကြီးစွာသော ဧဝိတဒါနကို အခါခါ ပြုခဲ့ရုံမက အနှစ်တစ်သိန်းမျှလောက် ရသေ့ပြု၍ လောကီဈာန် သမာပတ်တို့ကို မပြတ်လေ့လာသဖြင့် ဗကဗြဟ္မာလောင်းသည် ခန္ဓာကြွေသောအခါ ဝေဟပ္ဖိုလ်ဘုံဟု ခေါ်သော စတုတ္ထဈာန်ဘုံ၌ ဗြဟ္မာမင်း ဖြစ်လာခဲ့သည်။ ထိုဘုံ၌ မဟာကပ်ငါးရာပတ်လုံး ဗြဟ္မာတို့၏ ချမ်းသာကို ခံစားခဲ့သည်။ တစ်ဖန် စုတေသော် တတိယဈာန်ဘုံတွင် ၆၄-ကမ္ဘာ အသက်ရှည်သော သုဘကိဏှာဘုံ၌ ဖြစ်၏။ ထိုမှ စုတေပြန်သော ဒုတိယဈာန်သုံးဘုံတွင် ရှစ်ကမ္ဘာ အသက်ရှည်သော အာဘဿရာဘုံ၌ ဖြစ်၏။

ထိုဘုံမှ စုတေသော် ပထမဈာန် သုံးဘုံတွင် မဟာဗြဟ္မာ့ဘုံ၌ ဖြစ်၍ ဗကဗြဟ္မာမင်း ဖြစ်လာသည်။ အသချေ်ယျ တစ်ကပ်ပတ်လုံး အသက် ရှည်၏။

ဤသို့ တစ်ဆင့်အောက်တစ်ဆင့် အသက်တိုသောဘုံ၌ ဖြစ်လာ ရသော်လည်း အထက် အထက်ဘုံမှ စုတေရသော ရုပ်နာမ် အစဉ် ကိုလည်း မမှတ်မိ။ ပဋိသန္ဓေကိုလည်း မထင်။ လက်ရှိ ဘဝအတိုင်း ပင် တည်သည်ဟု မှတ်နေသည်။

"ငါတို့ ဗြဟ္မာဇာတ်ကား မြတ်သော၊ မြဲသော နိစ္စဓုဝ ချမ်းသာ ပင်တည်း။ ဤအဖြစ်ထက် လွန်၍ရှာရန် နိဗ္ဗာန်မည်သည် မရှိပြီ။ ဤဗြဟ္မာကိုယ်သည် အိုခြင်း၊ နာခြင်း၊ သေခြင်း စသော ဆင်းရဲမရှိ။ သုခ အတိဖြစ်သော နိဗ္ဗာန်ပင်တည်း" ဟု အယူရှိ၏။ ဗကဗြဟ္မာ၏ အနီးအပါး၌ရှိသော ခုနစ်ကျိပ်နှစ်ပါးသော ဗြဟ္မာတို့သည်လည်း ဤ နည်းပင် အယူရှိကြသည်။

ထိုအကြောင်းကို ဂေါတမဘုရားရှင် သိမြင်တော်မူသဖြင့် ဗြဟ္မာ့ ပြည်သို့ ရုတ်ခြည်းကြွ၍ ထင်ရှား ရပ်တော်မူ၏။

ဘုရားရှင်အား ဗကဗြဟ္မာကြီး မြင်လတ်သော "အရှင်ဂေါတမ၊ ဗြဟ္မာ့ရွာသို့ လာခြင်းကား ကောင်းသော လာခြင်းတည်း။ လုံ့လပြု၍ ကျင့်တော်မူပါ။ ကျွန်ုပ်တို့ ဗြဟ္မာ့ရွာ၌ ဖြစ်တည်လျှင် ဆင်းရဲခြင်း ကင်းပါတော့သည်" ဟု လျှောက်၏။

ဘုရားရှင်ကလည်း ထက်ဝန်းကျင်မှ လာကြကုန်သော ဗြဟ္မာ တို့အား သက်သေထား၍ "အို ... များစွာကုန်သော ဗြဟ္မာအပေါင်းတို့၊ ဤ ဗကဗြဟ္မာသည် အဝိဇ္ဇာ တည်းဟူသော အမှောင်တိုက် အတွင်းသို့ ဝင်နေပြီတကား။ မြူးအတွင်း၌ ရှိသော ငှက်သည် လွတ်ထွက်ပြီး သော သတ္တဝါကို ချမ်းသာလိုကြလျှင် ငါ့ထံလာလှည့်ဟု ခေါ်သကဲ့သို့ ဖြစ်နေသည်။ ချွတ်ချော်သော မိစ္ဆာဉာဏ်ဖြင့် ဗြဟ္မာ့သဏ္ဌာန်ကို နိဗ္ဗာန် ဟု ထင်မှတ်နေပြီ။ မှားလေစွတကား။ ဖြစ်လတ္တံ့သော ဘေးကို မမြင်။

အနိစ္စကိုပင် နိစ္စ၊ အသုခကိုပင် သုခဟု ပြောနေရှာပြီ။ နိဗ္ဗာန်သည် ကေန်ရှိလျက် မသိရှိလေတကား" ဟု မိန့်တော် မူသည်။

ထိုအခါ ဗကဗြဟ္မာကြီးက "ဤအယူဝါဒကို ကျွန်ုပ်တစ်ပါး တည်းသာ ယူသည် မဟုတ်၊ ကျွန်ုပ်နှင့် ရှေးကောင်းမှု ပြုဖော်ဖြစ်သည့် ဗြဟ္မာ ခုနစ်ကျိပ်နှစ်ပါး တို့သည်လည်း ကျွန်ုပ်နည်းတူ ခံယူကြသည်။ ဗြဟ္မာ့ဘဝသည် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ လွတ်ကြသောကြောင့် နိစ္စထာဝရ တည်သော နိဗ္ဗာန်ဟု ကျွန်ုပ်တို့ ခံယူထားကြသည်" ဟု လျှောက်ထားသည်။

ဘုရားရှင်က "ချစ်သား ဗက ... ဤဗြဟ္မာ့ရွာ၌ သင်ကြာသော ကာလကား အန္တရကပ် အရေအတွက်အားဖြင့် ၁၃၆၄၃၂-ကပ်သာ ဖြစ်သည်။ နှစ်အရေအတွက်အားဖြင့် နိရဗ္ဗုဒ (တစ် ၁-လုံး သုည ၃၆-လုံး) တစ်သိန်းမျှသာ ရှိသေးသည်။ ဇာတိ၊ ဇရာ၊ မရဏကိုလည်း မလွန်သေး။ စုတေရမည် မချွတ်ဟု ငါမြင်တော်မူသည်။ သင်သည် ပညာကင်းသောကြောင့် အသက်ကြွင်းကိုမျှ မမြင်ဖြစ်နေပြီ" ဟု မိန့်တော်မူသည်။

ဗကဗြဟ္မာက "ကျွန်ုပ်တို့၏ ရှေးကောင်းမှုနှင့် ကျွန်ုပ်တို့ အကြောင်းကို သင် အမှန် ဟောဆိုနိုင်လျှင် ဘုရားဟု ယုံကြည်ပါမည်" ဟု လျှောက်ထား၏။

ထိုအခါ ဘုရားရှင်က ကေသဝမည်သော ပုဏ္ဏားသူကြွယ် ဖြစ်စဉ်ဘဝမှစ၍ ဗကဗြဟ္မာကြီး၏ ရှေးဘဝဖြစ်စဉ်ကို ဟောတော် မူသည်။ ဗကဗြဟ္မာကြီး မေးတိုင်းကိုလည်း ဖြေဆိုတော်မူသည်။ နောက်ဆုံး၌ ဗကဗြဟ္မာကြီးသည် မေးမြန်းစရာ မရှိ။ မိမိအရှုံးကို ဖုံးလွှမ်းရန် ဝါဒစကား ယှဉ်ပြိုင် ပြေဆိုခြင်းကို ပယ်ရှားလိုက်သည်။ ပုန်းကွယ် ပျောက်လျှိုး တန်ခိုးပြိုင်ခြင်း ပြုလိုရကား "အချင်း ... ငါသည် သင့်မျက်မှောက်၌ပင် ကိုယ်ကိုဖျောက်၍ ပုန်းကွယ်ပြမည်၊ သင် ရှာကြည့်လော့" ဟု ဆို၏။

ဘုရားရှင်ကလည်း "ဗက ... စွမ်းနိုင်လျှင် ပုန်းကွယ်လော့"ဟု မိန့်တော်မူသည်။

ဗကဗြဟ္မာသည် ဘုရားရှင်၏ မျက်မှောက်တော်မှ ကိုယ်ဖျောက်၍ ပျောက်ကွယ်ရန် အားထုတ် ကြိုးပမ်း၏။ သို့သော်လည်း မရ။ ဘုရားရှင် မမြင်အောင် ပုန်းနိုင်စွမ်း မရှိချေ။

ဤတွင် ဘုရားရှင်က "ဗက ... ငါ ပုန်းကွယ်အံ့၊ သင်ရှာကြည့်လော့" ဟု ဆို၏။ ဗကဗြဟ္မာကြီးကလည်း "စွမ်းနိုင်က ပုန်းကွယ်လော့" ဟု ဆို၏။

ထိုအခါ ဘုရားရှင်သည် ဗကဗြဟ္မာနှင့်တကွ ဗြဟ္မာ ပရိသတ်၊ ဗြဟ္မာ အခြံအရံတို့ မျက်မှောက်၌ တန်ခိုးဖြင့် ကိုယ်ဖျောက်၍ ပျောက်ကွယ်ပြ၏။ ပုန်းကွယ်ပြ၏။

ဘုရားရှင်ကို ဗြဟ္မာအားလုံး မမြင်ကြကုန်။ ဘုရားရှင်သည် သို့ပုန်းကွယ်ရာမှ " ဘဝ၌ ငါသည် ဘေးမြင်သည်။ ဘဝအတွက် ငါသည် မတပ်မက်၊ ဈွဲလမ်းချက် တစ်ကွက်မျှ မထား" ဟူသော အနက်အဓိပ္ပာယ် ဆောင်သည့် ဂါထာကို ကျူးရင့်သည်။ ဗကဗြဟ္မာနှင့်တကွ ဗြဟ္မာအားလုံးတို့သည် ဘုရားရှင် ရွတ်ဆိုသော ဤဂါထာသံကိုသာ ကြားရသည်။ ဘုရားရှင်၏ ကိုယ်တော်ကိုကား မမြင်ရချေ။

ဤတွင်မှ ဗကဗြဟ္မာနှင့် ဗြဟ္မာအားလုံးတို့သည် များစွာ အံ့သြခြင်း ပြုကြသည်။ ဘုရားရှင်အား "လောကသုံးပါးတွင် အတုမရှိ၊ အလုံးစုံသော ဘုန်းပညာဖြင့် ပြည့်စုံပါပေသည်"ဟု ဝန်ခံ ပြောဆိုကြသည်။ အားလုံးကို မိစ္ဆာအယူကို ပယ်၍ သမ္မာအယူကို ပြောင်းလဲကြသည်။ "ဘုရားရှင်၏ တရားတော်အတိုင်း လိုက်နာကျင့်ကြံ ပါတော့မည်" ဟု တညီတညွတ်တည်း ဝန်ခံကြသည်။

ဘုရားရှင်သည် ဗကဗြဟ္မာကြီးနှင့် ဗြဟ္မာအားလုံးအား သစ္စာလေးပါးကို ဟောပြော၍ ပြန်လည် ကြွသွားတော်မူသည်။

ဤသို့ ဗကပြဟ္မာအား ချေချွတ်တော် မူနိုင်ခြင်းကား ဘုရားရှင်၏ အောင်ခြင်းပင်တည်း။

ကျမ်းကိုး

(၁) မဟာဗုဒ္ဓဝင်
(တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ)

(၂) မြန်မာ့စွယ်စုံကျမ်း (အတွဲ-၇)

(၃) ပါဠိ-မြန်မာ အဘိဓာန် (လယ်တီပဏ္ဍိတ ဦးမောင်ကြီး)

မင်းယုဝေ
(၁-၅-၂၀၀၀)

# အောင်ခြင်းရှစ်ပါး

(ပါဠိနှင့် မြန်မာပြန်)

## ၁။ မာရ်နတ်သားကို အောင်မြင်ခြင်း

**ဗာဟုံသဟဿမဘိနိမ္မိတ သာဝုဓန္တံ၊**
**ဂိရိမေခလံ ဥဒိတဃောရ သသေနမာရံ။**
**ဒါနာဒိဓမ္မဝိဓိနာ ဇိတဝါမုနိန္ဒော၊**
**တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။**

လက်ရုံးတစ်ထောင် လက်နက်တစ်ထောင် ဖန်ဆင်းကာ ဂိရိမေခလာဆင်ကို စီး၍လာသော ကြမ်းတမ်းသော စစ်သည် ဗိုလ်ပါနှင့်တကွ မာရ်နတ်သားကို မြတ်စွာဘုရားသည် ဒါန ပါရမီစသော တရားတော် အစီအရင်ဖြင့် အောင်တော်မူလေပြီ၊ မာရ်နတ်သားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

## ၂။ အာဠဝကဘီလူးကို အောင်မြင်ခြင်း

**မာရာတိရေကမတိယုဇ္ဈိတ သဗ္ဗရတ္တိံ၊**
**ယောရဲပနာဠဝကမက္ခမထဒ္ဓယက္ခံ။**
**ခန္တီသုဒန္တဝိဓိနာ ဇိတဝါ မုနိန္ဒော၊**
**တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။**

မာရ်နတ်သားထက် လွန်ကဲစွာ ညဉ့်လုံးပေါက် စစ်ထိုးနိုင်၍ ကြောက်ဖွယ်ကောင်းပြီး သူတစ်ပါးတို့ သည်းမခံနိုင်အောင် ကြမ်းတမ်းခက်မာသော အာဠဝက ဘီလူးကြီးကို မြတ်စွာဘုရားသည် သည်းခံတော်မူခြင်း, ကောင်းစွာ ယဉ်ကျေးစေတော်မူခြင်း အစီအရင်ဖြင့် အောင်တော်မူလေပြီ၊ အာဠဝက ဘီလူးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

## ၃။ နာဠာဂိရိဆင်ကို အောင်မြင်ခြင်း

**နာဠာဂိရိ ဂဇဝရံ အတိမတ္တဘူတံ၊**
**ဒါဝဂ္ဂိစက္ကမသနီဝ သုဒါရုဏန္တံ။**
**မေတ္တမ္ဗုသေကဝိဓိနာ ဇိတဝါ မုနိန္ဒော၊**
**တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။**

တောမီး မိုးကြိုးစက်ကဲ့သို့ ကြမ်းကြုတ်၍ အလွန် မုန်ယစ်နေသော အဓာတသတ်မင်း၏ စီးတော်ဆင် နာဠာဂိရိကို မြတ်စွာဘုရားသည် မေတ္တာတော်ရေသွန်းခြင်း အစီအရင်ဖြင့် အောင်တော်မူလေပြီ၊ နာဠာဂိရိဆင်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

အောင်ခြင်းရှစ်ပါး

## ၄။ အင်္ဂုလိမာလကို အောင်မြင်ခြင်း

**ဥက္ခိတ္တခဂ္ဂမတိဟတ္ထ သုဒါရုဏံ၊**
**ဓာဝံ တိယောဇနပထင်္ဂုလိမာဝန္တံ။**
**ဣဒ္ဓီဘိသင်္ခတမနော ဇိတဝါ မုနိန္ဒော၊**
**တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။**

သန်လျက်ကို လက်၌ မြှောက်မိုး၍ အလွန် ကြမ်းကြုတ် ရက်စက်သူ၊ သုံးယူဇနာ ခရီးကို မမောမပန်း တစ်ဟုန်တည်း ပြေးနိုင်စွမ်းသူ၊ လက်ညှိုးပန်းကုံး ဆွဲထားသူ အင်္ဂုလိမာလ လူဆိုးကြီးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

## ၅။ စိဉ္စမာဏကို အောင်မြင်ခြင်း

**ကတွာန ကဋ္ဌမုဒရံ ဣဝ ဂဗ္ဘိနီယံ၊**
**စိဉ္စာယ ဒုဋ္ဌဝစနံ ဇနကာယမဇ္ဈေ၊**
**သန္တေန သောမဝိဓိနာ ဇိတဝါ မုနိန္ဒော၊**
**တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။**

တရားနာကြသော လူရှင်ရဟန်း ပရိသတ်တို့၏ အလယ်၌ သစ်သားကို ကိုယ်ဝန်ဆောင် မိန်းမ၏ ဝမ်းဗိုက်ကဲ့သို့ အတုပြု၍ လုပ်ဆောင်လာသူ စိဉ္စမာဏဝိကာ အမည်ရှိသော မိန်းမယုတ်၏ မဟုတ်တရား စွပ်စွဲ ဖျက်ဆီးသော စကားကို မြတ်စွာဘုရားသည် ငြိမ်သက်ဖြူစင် ချမ်းအေးသော အစီအရင်ဖြင့် အောင်တော်မူလေပြီ၊ စိဉ္စမာဏ မိန်းမယုတ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

## ၆။ သစ္စကပရိဗိုဇ်ကို အောင်မြင်ခြင်း

**သစ္စံ ဝိဟာယ အတိသစ္စကဝါဒကေတုံ၊**
**ဝါဒါဘိရောပိတမနံ့ အတိအန္ဓဘူတံ။**
**ပညာပဒီကဇလိတော ဇိတဝါ မုနိန္ဒော၊**
**တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။**

မှန်သောစကားကို ပယ်၍ မမှန်ကို အမှန်လုပ်ကာ ဝါဒများကို တံခွန်အလား လွှင့်ထူသွားသူ၊ မိမိ၏ ဝါဒဖြင့် သူတစ်ပါးတို့အား နှိမ်နင်းလိုသော စိတ်ထားရှိသူ၊ အလွန် မိုက်မဲသည့် ကူဒန္တ ခေါ်သော သစ္စကပရိဗိုဇ်ကို မြတ်စွာဘုရားသည် ပညာတန်ဆောင် ဆီမီးရောင်ကို ညှိထွန်းတော်မူခြင်းဖြင့် အောင်တော်မူလေပြီ။ သစ္စကပရိဗိုဇ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

## ၇။ နန္ဒောပနန္ဒ နဂါးကို အောင်မြင်ခြင်း

**နန္ဒောပနန္ဒဘုဇဂံ ဝိဝိဓံ မဟိဒ္ဓိံ၊**
**ပုတ္တေန ထေရဘုဇဂေန ဒမာပယန္တော။**
**ဣဒ္ဓူပဒေသဝိဓိနာ ဇိတဝါ မုနိန္ဒော၊**
**တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။**

အထူးထူး အပြားပြား တန်ခိုးကြီးမားသော နန္ဒောပနန္ဒ နဂါးမင်းကို မြတ်စွာဘုရားသည် တပည့်သားဖြစ်သူ ရှင်မောဂ္ဂလာန်ကို နှစ်ဆကြီးသော နဂါးအသွင်ဖြင့် အခိုးအလျှံကို လွှတ်စေလျက် တန်ခိုး ဖန်ဆင်းခြင်း၌ နည်းညွှန် ဥပဒေပေးသော အစီအရင်ဖြင့် အောင်တော်မူလေပြီ၊ နန္ဒောပနန္ဒ နဂါးမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

## ၈။ ဗကဗြဟ္မာကို အောင်မြင်ခြင်း

ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန သုဒဋ္ဌဟတ္ထံ၊
ဗြဟ္မံ သုတံ ဇုတိမဟိဒ္ဓိ ဗကာဘိဓာနံ။
ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။

မကောင်းသောအယူ မိစ္ဆာဒိဋ္ဌိ မြွေဆိုး လက်၌ ကိုက်ခဲခြင်း ခံရသူ၊ ကျော်စော၍ ထွန်းလင်းတောက်ပသော ကြီးမားသော တန်ခိုးရှင် ဗကဗြဟ္မာကြီးကို မြတ်စွာဘုရားသည် ဉာဏ်တော်တည်းဟူသော အဆိပ်ဖြေဆေး အစီအရင်ဖြင့် အောင်တော်မူလေပြီ၊ ဗကဗြဟ္မာကြီးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

အောင်ခြင်းရှစ်ပါး ပါဠိနှင့် မြန်မာပြန် ပြီး၏။

ပါရမီတော်ခန်းပျို့ဋီကာကျမ်းပြု ဆရာတော်
အရှင်ကောသလ္လ (ဓမ္မာစရိယ၊ ဘီအေ)
ရေးသား ဖွဲ့ဆိုသော

# အောင်ခြင်းရှစ်ပါး ကဗျာများ

## ၁။ မာရ်နတ်အောင်ပွဲ

လက်ရုံးတစ်ထောင် အသွင်ဆန်းနဲ့၊ ဆင်ကြမ်းကိုတဲ့ စီးလို့လာ။
မာရ်နတ်ဘုရင် ပလ္လင်လုဖို့၊ သေနင်ထုနဲ့ တိုက်ခိုက်လာ။
ပါရမီတွေ သက်သေပြုလို့၊ ဝသုန်မြေထု ညွှန်ပြရာ။
မာရ်စစ်သည်တွေ ကျေကာပျက်လို့၊ ဟိုထွက်သည်ထွက်ပြေးရရှာ။
နဘ်လွှမ်းမိုး ဖြန်းဖြန်းကျိုး၊ ပန်းမိုးချလို့ရွာ။
အဲဒါက ဘဂဝါအရဟာ ပထမအောင်စဥ်ပါ။

## ၂။ အာဠဝကအောင်ပွဲ

ဒေါသပြင်းစွာ တင်းမာလှ၊ မင်းမာရထက် ကြမ်းတမ်းစွာ။
လက်နက်ကိုးဖြာ မိုးရွာလစ်၊ ဘွဲ့ဖြူပစ်လို့ စစ်ထိုးတာ။
ဗုဒ္ဓမြတ်စွာ မေတ္တာပွားလို့၊ သစ္စာတရားနဲ့ ချေပရာ။
လက်နက်တွေဟာ ခြေတော်အနီး၊ ပန်းစည်းပန်းဆုပ် ခြေသုတ်ပမာ။
အာဠဝက မာန်စွယ်ကျ၊ ဦးချဝပ်တွားလာ။
အဲဒါက ဘဂဝါသုဂတ ဒုတိယအောင်စဥ်ပါ။

## ၃။ နာဋ္ဌာဂိရိဆင်အောင်ပွဲ

နာဠာဂိရိ ဆင်ပြောင်မိုက်ကို၊ သေရည်တိုက်လို့ ခိုင်းတဲ့ခါ။
လောင်မီးစံပုံ မာန်ဟုန်ပြင်းလို့၊ နင်းဖို့သတ်ဖို့ အတင်းလာ။
ဓာတ်ဖြဟ္မစိုရ် လှစ်ကာနိုး၊ မေတ္တာမိုးနဲ့ သွန်းလိုက်တာ။
နှာမောင်းလေးကို ကွေးကာကုပ်လို့၊ ဒူးတုပ်ဝပ်တွား သွတ်သွားရှာ။
တိုက်ဆင်ပြောင်ကြီး လိမ္မာပြီး၊ ငြိမ်ကြီး ငြိမ်သက်လာ။
အဲဒါက ဘဂဝါဓိန တတိယအောင်စဉ်ပါ။

## ၄။ အင်္ဂုလိမာလအောင်ပွဲ

သန်လျက်ကို ယမ်းကာဝှေ့လို့၊ လမ်းလာသရွေ့ သတ်ဖြတ်ကာ။
လက်ချောင်းတွေကို သီကာတွဲလို့၊ လည်မှာဆွဲတဲ့ လူကြမ်းဟာ။
ဘုရားရှင်ကို လမ်းဝယ်တွေ့တော့၊ ဖမ်းမယ်ဟော့လို့ ပြေးလိုက်ရာ။
တန်ခိုးတော်ဘိညာဉ် ထင်စွာပြမှ၊ အင်္ဂုလိမာလ ညွတ်တွားလာ။
တရားရေအေး အမြိုက်ဆေး၊ တိုက်ကျွေးကျွတ်စေတာ။
အဲဒါက ဘဂဝါနုတ္တရ စတုတ္ထအောင်စဉ်ပါ။

## ၅။ စိဉ္စမာဏအောင်ပွဲ

ပျဉ်ချပ်တွေကို ခံချွေပြုလို့၊ သန္ဓေအတုနဲ့ စိဉ္စမာ။
အရက်ကွဲရုံ ဂုဏ်တော်ဖြုတ်ဖို့၊ သမုတ်စွပ်စွဲ လူထဲမှာ။
ငြိမ်းအေးမကွာ ဓာတ်တရားကြောင့်၊ နတ်သိကြားတို့ မနေသာ။
ပျဉ်ကြိုးဖြေကာ ခြေကိုဖြတ်လို့၊ မြေမျိုဟပ်တော့ ငရဲမှာ။
ဂုဏ်တော်တန်ခိုး ဆထမ်းပိုး၊ တိုးလို့တက်လို့လာ။
အဲဒါက ဘဂဝါယှဉ်မရ ပဉ္စမအောင်စဉ်ပါ။

## ၆။ သစ္စကပရိဗိုဇ်အောင်ပွဲ

ဝါဒချင်းပြိုင် နိုင်မလားလို့၊ ဘုရားကိုတဲ့ အန်တုလာ။
အယူတစ်ထောင် ဆောင်ကာမိုက်တဲ့၊ ပရိဗိုဇ်ကြွ. သစ္စကာ။
မိမိကိုယ်ဟာ အတ္တလားလို့၊ မြတ်စွာဘုရား မေးတဲ့ခါ။
မသိတွေမှိုင် ဖြေနိုင်ဘဲမို့၊ ခွေယိုင်လဲလို့ ရှုံးရတာ။
တိတ္ထိအမျိုး မာန်စွယ်ကျိုး၊ ငုံ့လျှိုးနေရရှာ။
အဲဒါက ဘဂဝါမြတ်လှ ဆဋ္ဌမအောင်စဉ်ပါ။

## ၇။ နန္ဒောပနန္ဒ နဂါးမင်းအောင်ပွဲ

နန္ဒောပနန် မျက်မာန်ကြွ၊ ခက်ထန်လှတဲ့ နဂါးဟာ။
မြင်းမိုရ်တောင်ကို ခွေပတ်ပြီးတော့၊ ကတ်သီးကတ်သတ် ရန်ပြုတာ။
ဘုရားသခင် မယှဉ်လောက်တော့၊ ရှင်မောဂ္ဂလာန်နဲ့ ပြိုင်စေရာ။
လက်ဝဲတော်ရံ ဈာန်ဂုဏ်တန်ခိုးနဲ့၊ မာန်ဟုန်ချိုးလို့ ဆုံးမတာ။
နတ်နဂါးမင်း ခြေတော်ရင်း၊ ဝပ်စင်းခယလာ။
အဲဒါက ဘဂဝါမြတ်လှ သတ္တမအောင်စဉ်ပါ။

## ၈။ ဗကပြဟ္မာအောင်ပွဲ

ဗကဆိုသူ မူတစ်မျိုးနဲ့၊ အယူဆိုးတဲ့ မိုးဗြဟ္မာ။
အနိစ္စကို နိစ္စပဲလို့၊ စိတ်ကစွဲလို့ လွဲခဲ့တာ။
တို့ဘုရားရှင် လျှင်စွာကြွလို့၊ ထင်စွာပြတော့ မြတ်ဓမ္မာ။
တန်ခိုးချင်းတောင် တူသလားလို့၊ လူဘုရားက ပြတဲ့ခါ။
မိုးဗြဟ္မာကြီး မာန်ကွာပြီး၊ ရှုံးကြီးရှုံးရရှာ။
အဲဒါက ဘဂဝါမြတ်လှ အဋ္ဌမအောင်စဉ်ပါ။

သတ်မည်ဇကေန် အမြန်ပြေးလာ သံကြိုးလျှာနှင့် နာဠာဂိရိ မည်ရှိ ခေါ်တွင် မင်းစီးဆင်ကို လည်းကောင်း။

(၄) စောရ်- သုံးယူဇနာ ရှည်စွာချင့်မှန်း ခရီးလမ်းကို မပန်း မဟိုက် မရှိုက်လျှင်ပြင်း တစ်ဟုန်ခြင်းဖြင့် ပြေးနင်းစွမ်းနိုင် ပြိုင်သူ ဘက်ရှား လူအများကို လုံခေးစွဲကာ ဖမ်းသတ်ခါလျှင် ယူကာ လက်ညှိုး ကြိုးဖြင့်သီရုံး ပန်းကုံးအသွင် လည်ဝယ်ဆင်သောကြောင့် အင်္ဂုလိမာလ မည်ရတွင်ပြီး ခိုးသူကြီးကို လည်းကောင်း။

(၅) စိဥ္စမာနဥ္စ- ပရိသတ်အား မြတ်ဘုရားလျှင် တရားဟော ကာ နေစဉ်ခါ၌ သေချာပြေပြစ် ပတ်ရစ်ဖွဲ့နှောင် ကိုယ်ဝန်ဆောင်၍ ဘုန်းခေါင်လူဖျား၊ ကျွန်ုပ်အားကို ပြစ်မှားပြီးခါ ဘယ့်ကြောင့်သာလျှင် အိမ်ရာမပြင် သူတော်စင်တို့ မမြင်သောထွေ ဣန္ဒြေနှင့် နေသနည်းဟု အမှုဖွေရှာ စွပ်စွဲလာသော စိဥ္စမာမည်ထုတ် မိန်းမယုတ်ကို လည်း ကောင်း။

(၆) သစ္စက်- ဝါဒတစ်ထောင် အာဂုံဆောင်၍ ဂုဏ်ထောင်လွှားပ မိုက်မာနကြောင့် အနိစ္စ အနတ္တ သင်္ခါရကို နိစ္စနတ္တ ထင်၍သာလျှင် မြတ်စွာရှင်စော တရားဟောလည်း သဘောမကျ မှားလေစွဟု ရှုတ်ချ ခါသာ ပြစ်တင်လာသော မိစ္ဆာယူကြိုက် ပရိဗိုဇ်သစ္စက ကူဒန္တကို လည်း ကောင်း။

(၇) နာဂ်- လေးလျှံရောင်စို တောင်မြင်းမိုရ်ကို ကိုယ်ဖြင့် ခုနစ် ထပ် ရစ်ပတ်ကာလွှမ်း တတ်နိုင်စွမ်းသား ကြမ်းတမ်းခက်ထန် မျက် စောင်းမာန်နှင့် ပဠမံအာလိန္ဒ နေသမျှတလွှား နတ်နဂါးကို ပိုင်ကာ စိုးရ တန်ခိုးပသည် ပနန္ဒတွင်ခြင်း နဂါးမင်းကို လည်းကောင်း။

(၈) ဗက်ကို- သဿတဒိဋ္ဌိ များဘိအယူ မိစ္ဆာဟူသား ဘုဇဂါမြေ တိုက်လေတုံလတ် အာဘဿရာ ဗြဟ္မာရွာ၌ ဗြဟ္မာခပင်း တို့ဝပ်ခြင်းနှင့် ကြီးမားတေဇ တန်ခိုးပသား ဗကမည်သာ ထိုဗြဟ္မာကို လည်းကောင်း။

အနန္တ– တန်ခိုးဥာဏ်ရှင် ဝရဒိန်စက်ပြတ် အတုလွတ်ဖြင့် မပျက်အောင်ကော်မှုလေပြီ၊ တံတေဇသာ– ထိုသို့အောင်ခြင်း တရားမင်း၏ ကျွန်းလင်းတေဇော် အာနုဘော်ဖြင့်၊ မေ– အကျွန်ုပ်အား၊ ဇယျမင်္ဂလံ– ရောဂါဘေးဒဏ် ရန်မာန်ခပင်း ငြိမ်းငြိမ်ခြင်းကို နှိမ်နင်းအောင်တတ် ကောင်းမြတ်လှစွာ မင်္ဂလာသည်၊ ဟောတု– ဖြစ်ပါစေသတည်း။

[တို့မြန်မာဝတ်ရွတ်စဉ် (ဆရာကြီး သခင်ကိုယ်တော်မှိုင်း) မှ]

# အစွမ်းထက်သော ဂါထာတော်

(ထွဋ်ခေါင်ဆရာတော်ဘုရားကြီး၏ ရန်အောင်မြင် ဂါထာတော်)

၁။ ဗုဒ္ဓေါ မေ ရက္ခတု နိစ္စံ၊
ဓမ္မော မေ ရက္ခတု သဒါ။
သံဃော မေ ရက္ခတု ဒိနေ၊
သုခိ ဒိဃာယုတော ဘဝ။

၂။ မာရာဋ္ဌဝက နာဠာဂြိ၊
အင်္ဂုလိ စိဉ္စ သစ္စကံ။
နန္ဒောပနန္ဒ ဗြဟ္မဥ္စ၊
ဇယော ဇယတုမင်္ဂလံ။

၁။ ဗုဒ္ဓေါ= မြတ်စွာဘုရားသည်။ မေ= အကျွန်ုပ်အား။ နိစ္စံ= အမြဲမပြတ်။ ရက္ခတု= စောင့်ရှောက်တော် မူပါစေသတည်း။ ဓမ္မော= မဂ်ဖိုလ်နိဗ္ဗာန် ဆယ်တန်သော တရားတော်မြတ်သည်။ မေ= အကျွန်ုပ်အား။ သဒါ= အခါခပ်သိမ်း။ ရက္ခတု= စောင့်ရှောက်တော်မူပါစေသတည်း။ သံဃော= သမ္မုတိ၊ အရိယာ နှစ်ဖြာသော သံဃာတော်အပေါင်းသည်။ မေ= အကျွန်ုပ်အား။ ဒိနေ= နေ့တိုင်း။ ရက္ခတု= စောင့်ရှောက်တော် မူပါစေသတည်း။ အဟံ= အကျွန်ုပ်သည်။ သုခီ=

ချမ်းသာခြင်း ရှိသည်။ ဒီဃာယုကော= အသက်ရှည်ခြင်း ရှိသည်။ ဘဝ–ဘဝါမိ= ဖြစ်ရပါလို၏။

၂။ မုနိန္ဒော= မြတ်စွာဘုရားသည်။ မာရာဠဝက နာဠာဂိရိ= မာရ်နတ်မင်း၊ အာဠဝကဘီလူး၊ နာဠာဂိရိဆင်ကို လည်းကောင်း။ အင်္ဂုလိမာလ= အင်္ဂုလိမာလကို လည်းကောင်း။ နန္ဒောပနန္ဒ ဗြဟ္မဠ= နန္ဒောပနန္ဒ နဂါးမင်းနှင့် ဗကာဗြဟ္မာကို လည်းကောင်း။ ဇယော= အောင်မြင်ခြင်းသည်။ (ယောတိ ယထာ= ဖြစ်သကဲ့သို့) တထာ= ထို့အတူ။ မေ= အကျွန်ုပ်အား။ မင်္ဂလံ= အောင်ရာအောင်ကြောင်း မင်္ဂလာ အပေါင်းသည်။ ဇယတု= အောင်မြင်ပြီးစီးပါစေ သတည်း။

ဤဂါထာသည် ထူဋ္ဌခေါင်ဆရာတော်ဘုရားကြီး ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော ဂါထာတော်ကြီး ဖြစ်ပါသည်။ ဤဂါထာများကို ရွတ်ဖတ် ပူဇော်ခြင်းဖြင့် အောင်မြင်မှု အမျိုးမျိုး လက်တွေ့ ခံစားရသည်။ ရန်အမျိုးမျိုး အောင်နိုင်သည်။

[သာသနာ့ရေး ဦးဒီးငွာနမှ ထုတ်ဝေသော ဗုဒ္ဓဘာသာ လက်စွဲကျမ်း (ပထမတွဲ) မှ ထုတ်နုတ် ဖော်ပြပါသည်။]

# အောင်ခြင်းရှစ်ပါးသီချင်း၏ နောက်ခံတေးဂီတ

မာဂဓီ (သာစည်)

မိမိ (မာဂဓီ) သည် ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးခန်းမ၊ သာသနာရေးဦးစီးဌာနမှုံး၊ ပိဋကတိုက် စသည်တို့၌ သာသနာရေး ဦးစီးဌာန၏ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းများကို ဦးဆောင် ဖွင့်လှစ် သင်ကြားပေးခဲ့ရပါသည်။ ယင်းသို့ သင်တန်းများ ဖွင့်လှစ် သင်ကြားပေးရာတွင် ပြီးခဲ့သော ၁၄-၇-၉၁ နေ့က နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် အစည်းအဝေး ခန်းမကြီး၌ ဆယ်စောင်တွဲ သင်တန်းကို ပို့ချပေးခဲ့ပါသည်။ ဆယ်စောင်တွဲ၌ ပါရှိသော အောင်ခြင်းရှစ်ပါးအကြောင်းကို သင်ကြားရာတွင် သင်တန်းသူ၊ သင်တန်းသားများ သင်လွယ်၊ မှတ်လွယ်၊ တတ်လွယ်နိုင်စေရန် ပါဠိ၊ မြန်မာ၊ ကဗျာ၊ လင်္ကာ၊ သီချင်း စသည်တို့ဖြင့် စိတ်ဝင်စားမှု ရှိလာအောင် သင်ကြား ပြသပေးရပါသည်။

ခေတ်ဟောင်း အဆိုတော် မေရှင် သီဆိုခဲ့သော အောင်ခြင်းရှစ်ပါးသီချင်းကို ကက်ဆက်ခွေဖြင့် ဖွင့်ပြရာ ကလေးများမှာ ပိုမိုစိတ်ဝင်စားလာကြပြီး၊ သံပြိုင် လိုက်လံ သီဆိုကြကာ ပျော်ရွှင်စွာ သင်ယူခဲ့ကြပါသည်။ သံစဉ်နှင့် စာသားကလည်း ကောင်းမွန်လှပြီး အဆိုရှင်ကလည်း ပိုင်နိုင်စွာ သီဆိုခြင်းကြောင့် သင်ကြားရာတွင် များစွာ အထောက်အကူ ဖြစ်ခဲ့ပါသည်။

ယင်းသီချင်းကို မွေးထုတ်ပေးခဲ့သော နောက်ခံဂီတ ပညာရှင်များကိုလည်း လေ့လာ သိရှိခဲ့ရပါသည်။ သိရှိရသည်မှာ–

စန္ဒရား – အေဝမ်းခင်မောင်
ပတ္တလား – ဆရာမြိုင်
ဂီတာ – ဂီတဝိဇ္ဇာ ဘစောကြည်
ဒုံမင်း – ဦးအုန်းသာ
မယ်ဒလင် – ခေတ္တရာအေး
စောင်း – (မသိပါ)
ပလွေ – ဝိဇ္ဇာညွန့်
တယော – ရွှေပြည်အေး
တေးပြု – သဟာယ ဆရာတင်
စာသား – ပထမကျော် လယ်တီဦးကောဝိဒ
အဆို – မေရှင် ဟူ၍ သိရပါသည်။

ယင်းသီချင်းများ၏ ဂီတတူရိယာ အသုံးပြုမှုတို့လည်း အောက်ပါအတိုင်း တွေ့ရပါသည်။

ပထမအပိုဒ်တွင် စန္ဒရား၊ ဂီတာ၊ တယော၊
ဒုတိယအပိုဒ်တွင် စန္ဒရား၊ တယော၊
တတိယအပိုဒ်တွင် စန္ဒရား၊ တယော၊ ဒုံမင်း၊
စတုတ္ထအပိုဒ်တွင် စန္ဒရား၊ တယော၊ ပတ္တလား၊ ပလွေ၊
ပဉ္စမအပိုဒ်တွင် စန္ဒရား၊ တယော၊ စောင်း၊
ဆဋ္ဌမအပိုဒ်တွင် စန္ဒရား၊ ဂီတာ၊ တယော၊
သတ္တမအပိုဒ်တွင် စန္ဒရား၊ တယော၊ မယ်ဒလင်၊
အဋ္ဌမအပိုဒ်တွင် စန္ဒရား၊ တယော၊ ပလွေ

စသည့် တူရိယာ ပစ္စည်းများဖြင့် အားဖြည့်ကာ မြိုင်မြိုင်ဆိုင်ဆိုင် ငြိမ့်ငြိမ့်ညောင်းညောင်း တီးမှုတ်ထားကြသည်။

# အောင်ခြင်းရှစ်ပါး

*တေးသား* – ပထမကျော် လယ်တီ ဦးကောဝိဒ
*တေးပြု* – သဟာယ ဆရာတင်
*ဆို* – မေရှင်

အောင်ခြင်းရှစ်ပါး ... အသံကြားတဲ့အခါ ... စီးပွားဥစ္စာ အဟုတ် မကြာအောင်မှာ ကျန်းမာ ... ချမ်းသာပါလို့ ... ဘေးရန်မဝိုင်း ကြံတိုင်း အောင် ဆောင်တိုင်းမြောက်မှာ ခုနစ်ရက် သားသမီးများနဲ့ နတ်,လူ, ဗြဟ္မာ။

သက္ကရာဇ်ကောဇာ တစ်ရာ့သုံးခုမှာ လပြည့် နွေကဆုန် ရွှေဘုန်းတော်ခြောက်ဖြာ တောက်ခါ မဟာဗောဓိ ညောင်ပင်အောက်မှာ ဘုရားအဖြစ် ... တရားအစစ်နဲ့ ရွှေပလ္လင်ထက်မှာ ဇံပယ်ချိန်ခါ ပြောင်မာတင် မေခလာ ဆင်ရတနာစီးလို့ မာရ်နတ်မင်းရယ် အားမာန် တင်းကာ ဝသဝတ္တီနတ်ပြည်က လာ၊ စစ်ချီကာ မာန်တွေမူလို့ ဘုရားကို ယှဉ်တု ပလ္လင်လုနေတာ၊ သည်းခံပါ၍ အမျက်မထား ... ပါရမီ ဆယ်ပါးနဲ့ ... မာရ်နတ်ရန် နင်းနှိမ်ပေရှာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်းပထမပါ။

အာဠဝီပြည်အနီး ညောင်ပင်ကြီးမှာ တစ်ဦးတည်း ဘီလူးကြီး အာဠဝကစံရာ တစ်နေ့သော် မြတ်စွာဘဂဝါ သူ့စံနန်း မြန်းတော်မူလာ၊ ဘီလူးကြီး အာဠဝက ယမ်းပုံမီးကျ တားမရ ဆီးမနိုင် ... ဒေါသလှိုင်ကာ၊ ဘုရားကို ပြိုင်ဆိုင် မနိုင်ငြား မာန်စွယ်များလည်း ကျရရှာ၊ မေတ္တာခတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း ဒုတိယပါ။

အခါတစ်ပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်လမ်းမှာ ဆွမ်းခံကြွလာခိုက် သတ်လိုက်မယ်တဲ့ ဒေဝဒတ်မိုက်ရယ် ကြံစည်ပြန်တာ၊ နာဠာဂိရိ အမည်ရှိတဲ့ ဆင်ကို အရက် အမျိုးမျိုးတွေ အတင်းတိုက်လို့သာ၊ ဘုရားမြတ်စွာကိုပင် အနင်းခိုင်းလိုက်တာ၊ သို့ပါသော်လည်း ဆင်မိုက်ကြီးမှာ ဒူးတုပ်ရရှာ၊ မေတ္တာခတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း တတိယပါ။

(ရှေးသရောအခါ သာဝတ္ထိပြည်ဌာနမှာ လူဆိုးမိုလ် အင်္ဂုလိမာလဟာ သန်လျက်ဓားကို သူ့လက်ထဲက မချပါ)၂ ဓားပြကြီး လုပ်၍ ... ဆိုးယုတ်ပုံမှာ လက်ညှိုးတွေ ခုတ်လို့သာ၊ ထိုအခါ ဘုရားကြွလို့ မမှားရဖို့ တရားပြတော်မူရှာ၊ မေတ္တာခတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း စတုတ္ထပါ။

မြတ်တရားတော် ... မြတ်ရှာပါလို့ သိကြား ဗြဟ္မာ အများသတ္တဝါ ဗိုလ်ပုံ ပရိသတ်စုံတဲ့ မင်္ဂလာပွဲမှာ စိဉ္စမာဏ မိန်းမယုတ်မာ သူ့ဗိုက်ကို ပျဉ်ချပ်ဖုံးကာ ဘုရားဂေါတမနဲ့ ကမ္ဘာဌာန်းဇာကျကာ ... ငိုကြွေး ... အရှက်မွန် ကိုယ်လေး ... လက်ဝန်ရှိတဲ့ပုံ ဟန်ဆောင်လို့ သူစွပ်စွဲလာ၊ အပြစ်တော်မယူဘဲ လုပုံထဲမှာ မေတ္တာခတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း ပဥ္စမပါ။

သုံးလူ့ထွတ်ထား ... မြတ်ဘုရားဒေသနာ မှတ်သားဖွယ် ဝေနေယျာ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တတရားကို မှားတယ်ဆို၍ မကြည်ညိုပြန်တာ၊ အယူလွဲတဲ့ ငရဲမိစ္ဆာ သစ္စကပရိဗိုဇ် မလိမ္မာ၊ ဒေသနာတော် ... အနန္တကို မြတ်ဘုရားက နောင်မမှားအောင် သစ္စကကို တရားပြရှာ၊ မေတ္တာခတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း ဆဋ္ဌမပါ။

အောင်ခြင်းရှစ်ပါး

ဇမ္ဗူကျွန်း မြင်းမိုရ် ရွှေတောင်ခါးပန်းမှာ ကြမ်းတမ်းတဲ့ နတ်နဂါးပါ မှတ်သား ... လောကီစရာ၊ နန္ဒောပနန္ဒ လျှပ်တစ်ပြက် အသက်ရာကုဋေ ချွေခွင်း မြွေမင်းရာဇာ မြတ်ဘုရားရဲ့ သားတော် ရှင်မောဂ္ဂလာန် နှိမ်နင်းဖို့ လွှတ်လို့သာ၊ စိတ်နှလုံး သိမ်မွေ့ကာ နဂါး ကြီး ခေါင်းငိုက် ဦးစိုက်ပါ၍ ခစားဖို့ ရောက်လို့သာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း သတ္တမပါ။

ဗြဟ္မာ့ဘုံမှာ ... တန်ခိုးဂုဏ် မာန်သတင်း နေဆယ်စင်းသို့ ပုံပမာ၊ ဗကဗြဟ္မာကြီးဟာ အမှားကြီးမှားလို့ အယူသည်းနေရှာ၊ ငါသာမြဲတယ် စိတ်မှာစွဲကာ ဘုရားကိုပင် ကန့်လန့်တိုက်၍ မိုက် နေပုံကို၊ ဆိုးနေပုံကို ဘဂဝါဘုရားကသာ ဒေသနာ တရားပြကာ အဲဒီ တော့ ဗကဗြဟ္မာ မာန်စွယ်ကျလို့ ရှုံးရတာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓ မြတ်စွာ ဆောင်နှင်းခဲ့ အောင်ခြင်း အဋ္ဌမပါ။

မာဂဓိ (သာစည်)

# အောင်ခြင်းရှစ်ပါး

မင်းယုဝေ

